သစ္စာနီ

# ဗြုတ်စဗျင်းတောင်း ရိဗျူးနှင့် စကားပြောသော အက်ဆေး

# အင်္ဂလိပ်ပညာ ငါ့ဆရာ

မကြာသေးခင်က စင်္ကာပူနိုင်ငံက ထူးခြားတဲ့ ခွဲစိတ်ကုသမှု တွေ ကို သတိပြု လိုက်မိတယ် ခင်ဗျ။ တစ်ချို့က ရောဂါ ကြောင့် ခွဲစိတ်ကြတယ်။ တချို့က ရောဂါ မရှိဘဲ လှချင်လို့ ခွဲစိတ်ကုသမှု ကို ခံယူကြတယ်။ (ဂျိမ်းဖွန်ဒါက မေးစေ့၊ မိုက်ကယ်ဂျက်ဆင်က နှာခေါင်း၊ ဒေါ်လီပါတန်က ရင်သား ခွဲစိတ်ခံတာမျိုး) အခုဟာ ကတော့ ရောဂါ ကြောင့်လည်းမဟုတ်၊ လှချင်လို့လည်းမဟုတ်၊ အင်္ဂလိပ် စကား ပီပီသသပြောချင်လို့တဲ့၊ ဘယ်နားကိုခွဲစိတ်ကုသတာလဲဆိုတော့ "လျှာ" တဲ့။ ဟုတ်တယ် ခင်ဗျ။ အင်းကလေ့ချ်လိုပြောဖို့က လျှာသွက်ဖို့၊ လျှာလိပ်သံပီသဖို့ အရေး ကြီးတာကိုး။ တတ်တဲ့ မှတ်တဲ့လူတွေ ပြောတာ ကြားဖူးတာပါ။ စင်္ကာပူနိုင်ငံမှာ တရားဝင်ရုံးသုံးဘာသာစကားက အင်္ဂလိပ်စာကိုး။ ဒီလို ဆေးရုံတက် ခွဲစိတ်ကုသသူတွေ များ လာလို့ ဒီကိစ္စကို အစိုးရက အမိန့်ထုတ် တားမြစ်ဖို့တောင် စဉ်းစားနေပြီတဲ့။ ဒီကိစ္စက ကျွန်တော် တို့ဆီမှာ လဲ ပွစိပွစိခင်ဗျ။ မဂ္ဂဇင်းတွေ ၊ ဂျာနယ်တွေ ထဲ တွေ ့ရတာ က ဂျာနယ်အသစ် အညာပဏ္ဍိတ (အညာ = အထက်အရပ်ကို ဆိုလိုပါ သည်။) က၊ မြန်မာတွေ ငပိသံနဲ့ပြောတော့ ဘာ ဖြစ်သလဲဆိုတဲ့ အဆိုကို အဝေးရောက် စကော်လာ မင်းကြီးက ပြင်းပြင်းထန်ထန် ငြင်းဆန်လိုက်တာပဲခင်ဗျ။ ဒါတင်မကဘဲ သူက ခင်ဗျားတို့ အင်္ဂလိပ် စာကျူရှင် ဖွင့်စားနေကြတာ ခိုင်လုံတဲ့ အောင်လက်မှတ် ရှိသလားလို့ လိုင်စင်မဲ့တယ် စွပ်စွဲလိုက် တာက အညာပဏ္ဍိတသာမက၊ တခြားဆရာတွေ ဥပမာ ဆရာ "ကိုသာမဟုတ်" (No = မဟုတ်။ ဆရာတက်တိုးမရှိခိုက် အရမ်းဘာသာပြန်လိုက်ခြင်း ဖြစ်ပါသည်။) တို့ကိုပါ စစ်ကြေညာရာ ရောက် နေပါတယ်။ ရှေ့ဆက် အကျယ်အကျယ် မငြိမ်းဖွယ်တွေ မြင်နေတုန်း၊ "သင်္ချာပညာ ငါ့ဆရာ"ဆိုတဲ့ စာအုပ်ကြီးကို မြွေမကြောက်၊ ကင်းမကြောက် ထုတ်ဝေလိုက်တဲ့ ဘာမထီဆရာဒီက၊ တစ်စခန်းထ လာပြန်တယ်။ ဒီကိစ္စ သူဝင်ရှင်းမှ ဖြစ်တော့မယ်လို့ ကြွေးကြော်နေတယ်တဲ့။ (သူလည်း ခေသူ မဟုတ်၊ ကွယ်လွန်သူဆရာကြီး မမြိုကဦးဘသန်းထံမှာ အင်္ဂလိပ်စာ အသံထွက်စနစ်ကို စနစ်တကျ သင်ကြားလာခဲ့သူလို့ ဆိုပါတယ်) ဒါ့ကြောင့် ဒီတစ်ခါ သူ့ရဲ့ ထွက်ပေါ်လာမယ့် စာအုပ်အမည် ဟာ "အင်္ဂလိပ်ပညာ

ငါဆရာ" ဖြစ်နိုင်ကြောင်း ကြိုတင်ခန့်မှန်းသူတွေ က ခန့်မှန်းနေကြပါတယ်။

•••

## ကိုကြီးကျော်နဲ့ အဖော်များ

နှစ် စဉ် မြန်မာနိုင်ငံကို မယ်စကြာဝဠာရွေးပွဲ ၇/၉၈ အချပ်ကလေးတွေ ရောက်လာတတ်တော့ ကမ္ဘာကြီးနဲ့ မျက်ခြေမပြတ်ချင်တဲ့ ကျွန်တော် တို့အတွက် အဆင်ပြေတာပေါ့ခင်ဗျာ။ မြန်မာပြည်မှာ လည်း အချိန်အခါအလိုက် ကျင်းပတဲ့ ခေါင်းစဉ်အမျ ုးမျိုးနဲ့ အလှမယ်ပွဲကလေးတွေ ရှိနေပါတယ်။ များ သော အားဖြင့် ကမ္ဘာတစ်ဝန်းက အလှမယ်ပြိုင်ပွဲတွေ ရဲ့ အတင်းကြပ်ဆုံး စည်းကမ်း တစ်ခုက ယှဉ်ပြိုင်သူဟာ အပျို ဖြစ်ရမယ်ဆိုတာပါပဲခင်ဗျ။ မယ်စကြာဝဠာတွေ ဟာ မယ်စကြာဝဠာ ဘွဲ့ရပြီး ၃ နှစ် အတွင် း အိမ်ထောင်မပြုပါဘူးလို့ ကတိလက်မှတ် ရေး ထိုးကြရတယ်။ အချိန်မတိုင်မီ အိမ်ထောင်ပြု ရင် ဘွဲ့ကို ပြန်ရုပ်သိမ်းတတ်တယ်။ ဒ့ါကြောင့် လူပျိုကြီးတွေ ဖြစ်တဲ့ ဆရာမြတ်သစ် တို့ မောင်ရန်ပိုင်တို့ အနေနဲ့ ရည်းစားထားမယ်ဆိုရင် မယ်စကြာဝဠာ မ ဖြစ်စေနဲ့။ (ကိုယ့်လူတွေ အကြောင်းကိုယ်သိတယ်။ ဒီလူတွေ က သုံးနှစ် သုံးမိုး စောင့်ရလောက်အောင် စိတ်ရှည်တဲ့သူတွေ မဟုတ်ဘူး။) အခုပြောချင်တာက အဲဒီ စည်းကမ်းမျိုးကို ချိုးဖောက်ပြီး အိမ်ရှင်မများ အလှပြိုင်ပွဲ (အိမ်ထောင်ရှိသူများ သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိသည်) ၂၀၀၅ ဖေဖော်ဝါရီက အိန္ဒိယမှာ ကျင်းပသွားတာပဲ ခင်ဗျ။ အဲဒီ အိမ်ထောင်ရှင် မယ်ကမ္ဘာရွေးပွဲမှာ အစ္စရေး သူ စင်မာဘာကာက ရရှိ သွားပါ တယ်။ ဆက်လက်ပြီး တစ်ခုလပ် မယ်ကမ္ဘာရွေးပွဲ၊ မုဆိုးမမယ်ကမ္ဘာရွေးပွဲတွေ ပေါ်ပေါက်လာနိုင် တဲ့ အလားအလာလည်း ရှိနေတယ်ဆိုရမယ်။ အဲဒီ ထဲက ထူးထူးခြားခြား ကျင်းပ ဖြစ်သွားတဲ့ ပွဲ ကတော့ အာဖရိက ဘော့ဆွာနာနိုင်ငံက မယ်ရွေးပွဲပါပဲ။ အဲဒီ ပြိုင်ပွဲဝင်မယ့် မယ်ဟာ အိပ်ချ်အိုင်ဗီ ရောဂါ ပိုးရှိတဲ့သူ ဖြစ်ရမယ်လို့ စည်းကမ်းသတ်မှတ်ထားတယ် ခင်ဗျ။ အဲ အလှမယ်ဘွဲ့ရနဲ့မှ အိမ်ထောင်ပြုချင်သူတွေ

အတွက် သတင်းပေးရရင် ၂၀၀၅ ခုနှစ် မယ်ဘွဲ့ကို စင်သီယာလေရှိမိုက ရရှိ သွားပါတယ်။ ရည်ရွယ်ချက် ကတော့ ရောဂါ သည်တွေ ကို သာမန်လူတွေ လို သဘောထား ဆက်ဆံနိုင်ရေး စံပြ ဖြစ်ဖို့ပဲ။ (ထိုနိုင်ငံ၏ လူဦးရေသုံးပုံတစ်ပုံသည် အိပ်ချ်အိုင်ဗီပိုးရှိသူများ ဟု ဆို လေသည်။) ဒီ ရောဂါ ဟာ ကပ် ရောဂါ တစ်ခုလို ကမ္ဘာကို ဒုက္ခပေးနေတာ ကြာပါပြီ။ မြန်မာပြည်မှာ လည်း အစိုးရရော၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း (NGO) တွေ ကပါ၊ ဒီ ရောဂါ ကာကွယ်တားဆီး ရေး အတွက် အားကြိုး မာန်တက် လုပ်ဆောင်နေကြတာ တွေ ့ရပါတယ်။ ဒီထဲက အဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ ပီအက်အိုင်အဖွဲ့ ကတော့ ထူးထူးခြားခြား ခြေသွက်လက်သွက် (အင်း လက်သွက်တယ် လည်း ပြောလို့ရပါတယ်) နတ်ကန္တားပွဲတွေ မှာ လိင်အကာအကွယ်ပစ္စည်း (ကွန်ဒုံး) အဖော်တွေ ဝေငှပေးတယ်တဲ့ခင်ဗျ။ အင်း ကျွန်တော် တို့ရဲ့ ရွှေဖျဉ်းလေး အပါအဝင် ၃၇ မင်းနတ်တွေ ကလည်း လူ့ဘဝကတည်းက ဒီကိစ္စမျိုး ခပ်ကဲကဲကိုး။ ရောဂါ ဖြစ်ဖို့ အလားအလာများ တဲ့ တောင်ပြုံး ပွဲတွေ မှာ အဓိကထား ဖြန့်ဖြူး မယ်ဆိုတာ သိရတော့၊ ဤအမှု ကို သာဓုခေါ်ရအခက်၊ မခေါ်ရအခက်ပဲခင်ဗျ။

•••

## အသည်းလမ်းကလေးမှာ မလျှောက်ဝံ့ပါ

လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က အဆိုတော် ညွှန့်ညွှန့်စိန်ဆိုတဲ့ "အသည်းလမ်းကလေးမှာ လျှောက်ခဲ့ပါ" ဆိုတဲ့ ကာလပေါ် ရေဒီယိုသီချင်းကလေးဟာ အတော် ရေပန်းစားခဲ့တယ် ခင်ဗျ။ အဲ့ဒီ ခေတ် အခြေအနေနဲ့ဆို ဒီစကားအသုံးကလေးက အတော် လှပဆန်းသစ်နေတာကို။ ရေး တဲ့သူ ကတော့ ကဗျာတွေ လည်းရေး တဲ့ တက္ကသိုလ်မြတ်စိုး အမည် ခံ မြန်မာစာကထိက ဦးမြင့်ကြည်လို့ မှတ်ဖူးပါတယ်။ ကျွန်တော် ပြောချင်တာက အသည်းလမ်းကို တကယ်လျှောက်နေတဲ့ လူ တစ်ယောက် အကြောင်းပါ။ အဲဒီ လူက ဦးခင်ဇော်ထက်တဲ့။ မြန်မာပြည်မှာ ပထမဆုံးအကြိမ် အောင်မြင်စွာ အသည်း

ခွဲစိတ်ကုသမှု ခံယူခဲ့တဲ့ပုဂ္ဂိုလ်ပေါ့။ ခက်တာက သူဟာ အခုချိန်ထိ ဆေးတွေ မပြတ် သောက်နေရပြီး၊ အဲဒီ ဆေးဖိုးဝါးခက တစ်လကို ငါးသိန်းခွဲလောက် ကုန်ကျနေတယ် ဆိုတာပဲခင်ဗျ။

ခေါင်းကိုက်၊ ဖျားနာရင် လမ်းထိပ်ကွမ်းယာဆိုင်က ကုလားကို ဆေးစပ်ခိုင်းပြီး (သုံးခွက်မှ ၁၅၀ကျပ် ပဲ ကျပါတယ်) ကျန်းမာရေး ပြဿ နာကို ဖြေရှင်းနေကျ ဖြစ်တဲ့ ကျွန်တော် က အခုမှပဲ အသက်ရှင်ရခြင်းရဲ့ ဈေးကြီးပုံ (တန်ဖိုးကြီးပုံလို့ ဆိုချင်လဲ ဆိုပေါ့ခင်ဗျာ) ကို ရိပ်စားမိပါတယ်။ ကျွန်တော် ကတော့ အသည်းလမ်းကလေးမှာ မလျှောက်ဝံ့ပါလို့ပဲ ငြင်းချင်ပါတယ်။

ဒီကြားထဲက အသည်းလမ်းကို ခြေလျင်မလျှောက်ချင်တဲ့ လူ တစ်ယောက် ကတော့ ရဟတ်ယာဉ် စီးသွားတယ်ခင်ဗျ။ ဗြိတိသျှရဟတ်ယာဉ်တပ်ဖွဲ့က ဒုတိယပိုက်လော့ တစ်ယောက် ပါ။ သူဟာ စစ်ရေး လေ့ကျင့်နေရင်းနဲ့ သူ့ရဲ့ တင့်ကားပစ်တိုက်ပွဲဝင် ရဟတ်ယာဉ်ကို မောင်းပြီး မိုင် ၃၀ ဆယ်လောက်ဝေးတဲ့နေရာက ချစ်သူဆီကို ပီဇာမုန့် (အီတလီ ဘိန်းမုန့်ဆိုပါတော့) သွားပို့တဲ့ အတွက် အခု အရေး ယူခံနေရတယ်တဲ့။ ဒီလူမျိုးတွေ က အချစ်ရေး မှာ တော့ တော် တော် ရူးမိုက်ပုံရပါတယ်။ လက်ရှိ အယ်လီဇဘတ် ဘုရင်မကြီးရဲ့ ဦးရီးတော် အက်ဒွပ်ဘုရင်ဟာ ချစ်သူ တစ်ခုလပ်မကို လက်ထပ်နိုင်ဖို့အတွက် ထီးနန်းစွန့်ခဲ့တာ ကမ္ဘာမှာ ဟိုးလေးတကျော်ပဲမဟုတ်လား။ အခုလည်း ဘမျိုးဘိုးတူချင်ရာတဲ့ ချားလ်မင်းသားဟာ၊ တစ်ခုလပ် ကမ်မီလာကားပါးနဲ့ ရွှေလက်တွဲ ဦးမယ်တဲ့။ သူတို့ကျတော့လည်း အသည်းလမ်းကလေးမှာ လျှောက်ရဲလိုက်တာ ဆိုရမလားပဲ။

•••

## ၄၅၅ ဒေါ်လာတန် သောက်ရေတစ်ခွက်

တမြန်နေ့က ထမင်းပွဲမှာ ကျွန်တော့် တူကလေး ပန်းကန်လွတ်ကျကွဲတော့

သူ့မိဘတွေ က ဆူနေသံကြားရတယ် ခင်ဗျ။ မှန်ပါတယ်။ တကယ်လို့ ဒီပန်းကန်ဟာ မကွဲမရှဘဲ အနှစ် ၇၀၀ လောက်ကြာခဲ့ရင် ဘယ်လောက်တန်မလဲဆိုတာ ပြောရခက်တယ် မဟုတ်လား။ လွန်ခဲ့တဲ့ နိုဝင်ဘာလထဲက ဆန်ဖရန်စစ္စကို လေလံပွဲတစ်ခုမှာ တရုတ်ပြည်က ပထမ မင်မင်းဆက်ဘုရင် ဂျုရယောင်ဂျန်းလက်ထက်က ကြွေပန်းကန်တစ်ချပ်ကို ဒေါ်လာငါးသန်းပေးပြီး ဝယ်သွားတယ် ခင်ဗျ။ ရွှေမော်ဓောဘုရား ရင်ပြင်ပြတိုက်ထဲက လိုင်ထိပ်ခေါင်တင် သနပ်ခါးသွေးလိမ်းခဲ့တဲ့ ကျောက်ပျဉ်ကို လေလံပစ်လိုက်ရရင် ဘယ်လောက်ရမလဲ တွေ းမိသေးတယ်။ အဲသလောက် နှစ် လည်း မကြာသေးဘဲ မတန်မရာ ဈေးရသွားတဲ့ ပစ္စည်း ကတော့ ကမ္ဘာမှာ ရှားရှားပါးပါးလည်း မဟုတ်တဲ့ (ပေါတယ်တောင် ဆိုနိုင်တဲ့) "ရေ" ဖြစ်နေတယ် ဆိုတဲ့ အချက် ကတော့ ရှားရှားပါးပါးပဲခင်ဗျ။ ဖြစ်ပုံက ၁၉၇၉ ခုနှစ် လောက်က ရောခ့်ဂီတပွဲတစ်ခုမှာ အဲဗစ်ပရက်စလေ ရေသောက်နေတုန်း သူ့ ပရိသတ်တစ်ဦး ဖြစ်တဲ့ ဝိန်ဂျုံး ဆိုတဲ့လူက ချစ်ခင်မြတ်နိုးတဲ့စိတ်နဲ့ ပရက်စလေလက်ထဲက ခွက်ရော ရေပါ လုယူပြီး သိမ်းဆည်းထားခဲ့တယ်တဲ့။ သူက အဲဒီ ရေကို ပုလင်းတစ်လုံးထဲမှာ ၂၇ နှစ် ကြာ အောင် ချိတ်ပိတ်သိမ်းဆည်းထားခဲ့ပြီး အခုတော့ အင်တာနက်ဝက်ဆိုက် တစ်ခုကနေ လေလံတင် ရောင် းချခဲ့တာ ၄၅၅ ဒေါ်လာနဲ့ အရောင် းအဝယ် တည့်သွားတယ်တဲ့။ ဒါတောင် ရောင် းတဲ့ အထဲမှာ ရေခွက်မပါပါ။ ဒီတော့ ရေခဲရေတစ်ခွက် မြန်မာငွေနဲ့ ၂၀ ကျပ်ပေးပြီး သောက်နေရတာ ကို ကျွန်တော် ကတော့ များ တယ် မထင်တော့ဘူး။ ဒီခေတ် ဆန်းတာ ကတော့ တစ္ဆေကို လေလံပစ်တာ ပါပဲ။ အမေရိကန်က မေရီအန်ဒါဆင်ဆိုတဲ့ အမျိုးသမီးက ကွယ်လွန်သွားပြီး အိမ်မှာ တစ္ဆေ ဖြစ်နေတဲ့ သူ့ အဖေကို (ခြောက်နှစ် အရွယ်သူ့ မြေးက သေသော သူ့ အဘိုး ဒီအိမ်မှာ တစ္ဆေ ဖြစ်နေတယ်လို့ ယုံကြည်စွဲလမ်းပြီး ကြောက်ရွံ့နေပါတယ်။) ရောင် းမယ်လို့ အင်တာနက်ကနေ လေလံပစ်လိုက် တာပါပဲ။ ဝယ်တဲ့သူက ဝယ်သွားရင် သူ့ သားလေး ကြောက်စိတ်ဖယ်ရှားပေးနိုင်မယ်ပေ့ါ။ အဖေ တစ္ဆေနဲ့အတူ သတ္တုလက်ကိုင်တုတ်ကိုပါ ထည့်ပေးမယ်ဆိုတဲ့အတွက် အပြိုင်ဈေးပေးမယ့်သူ ၃၄ ဦးတောင်ရှိနေပြီ။ အခုထိ ပေါက်ဈေးက ၇၈ ဒေါ်လာတဲ့။ Pet ဆိုတဲ့ အချစ်တော် အိမ်မွေးတိရစ္ဆာန် မွေးသူတွေ များ ဝါသနာပါတယ်ဆိုရင် တစ္ဆေမွေးနိုင်အောင် လက်တို့ပေးလိုက် ပါတယ်။

•••

## အိုးတိုက်ဖွဲပြာခေတ် ကုန်ဆုံးတော့မှာ လား

မြန်မာမှာ မှိုရတဲ့မျက်နှာဆိုတဲ့ စကားမျိုးရှိပါတယ်။ တောထဲမှာ မှိုကျင်းတွေ ့တာ မဟုတ်ဘဲ တိရစ္ဆာန်ချေးတွေ ့တာနဲ့ ဝမ်းသာအားရ ဖြစ်တယ်ဆိုတော့ ဟုတ်နိုင်ပါမလား။ ဟုတ်တယ်ခင်ဗျ။ သူတို့တွေ ့တာ ပန်ဒါဝက်ဝံချေးတဲ့။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်တွေ ဟာ တရုတ်ပြည် ဖန်ဇန်ပြည်နယ် ဝါးတောထဲမှာ အရွယ်ရောက်ပြီးပုံရတဲ့ (ချေးပုံကိုကြည့်ပြီး ခန့်မှန်း ပြောတာခင်ဗျ) ပန်ဒါဝက်ဝံချေးကိုတွေ ့တော့ ပျော်ရွှင်သွားကြတယ်တဲ့။ ဒီအကောင်တွေ က မျိုးသုဉ်းတော့မယ့် အန္တရာယ်ရင်ဆိုင်နေရတာကိုး။ ကျွန်တော် တို့ဆီမှာ ရေနံ့ဆီမီးခွက်နဲ့ အကြွေစေ့က မျိုးသုဉ်းသွားတာကိုတော့ ဘယ်ပညာရှင်မှ သိလိုက်ပုံမရဘူး။ အခုနောက်ဆုံး မျိုးသုဉ်းမယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ သူတွေ ကတော့ အိုးတိုက်ဖွဲပြာသည်တွေ ပဲ ခင်ဗျ။ ဈေးသည်တွေ ထဲမှာ အိုးတိုက်ဖွဲပြာသည်ဆိုတာ အမွဲဆုံး ဈေးသည်တွေ ပါပဲ။ ဒီဖွဲပြာတွေ က ဆန်စက်တွေ မှာ အလကား သွားကျုံးလို့ရတယ်။ ယောက်ျားဝတ်ပုဆိုး တစ်ထည်ရှိရင် တစ်ဘက်ကို ကြိုး နဲ့ စုချည်ပြီးထည့်၊ ခေါင်းပေါ်ရွက်ရောင်းရုံပဲ။ အရင်းအနှီးတစ်ပြားမှ မလိုတဲ့အလုပ်။ အခုတော့ အိုးတိုက်ဖွဲပြာ (သိုးဆောင်းဘာသာစကားနဲ့တော့ Rice Husked Ash ပေါ့လေ) ဂျပန်နိုင်ငံမှာ အကြီးကျယ် တင်ပို့ရောင်းချနေပြီတဲ့။ ပထမအသုတ် ၁၀ တန် တင်ပို့လိုက်တာ ၁ တန်ကို ၇၅ ဒေါ်လာရတယ်တဲ့။ သူတို့ ဂျပန်တွေ က အိုးတိုက်ဖွဲပြာကို ဘာလုပ်ကြသလဲတော့ မသိဘူးတဲ့။ သချာတာတစ်ခု ကတော့ သွားတိုက်ပုံတော့ မပေါ်ဘူးခင်ဗျ။

•••

## တန် မက်ဒီဇင်း လွှန် ဒိန်းဂျား

နေ့စဉ် ရပ်မြင်သံကြား ကြော်ငြာကဏ္ဍမှာ နေရာအယူဆုံး ကတော့

ခေါင်းလျှော်ရည် ကြော်ငြာတွေ ဖြစ်မယ် ထင်ပါတယ်။ ခေါင်းလျှော်ရည်တွေ က အမျိုးအစားကလည်းစုံလင် (ကြက်ဥ နဲ့ လက်ဖက်စိမ်းတောင်ပါသေး) အကျိုးအာနိသင်ကလည်း ထိုက်သင့်သလို ရှိပုံရတော့ အသုံးပြုတဲ့သူတွေ အတော် များ ပါတယ်။ ဒါကြောင့် နေ့တိုင်း ခေါင်းလျှော်ပြီး ဦးနှောက် အမေ့ပါးရောင် တဲ့ ရောဂါ နဲ့ ဆေးရုံရောက်တဲ့သူတွေ ရှိတယ်တဲ့။ အခု အမေရိကန်နိုင်ငံ သုတေသနဌာနတစ်ခုက တွေ့ရှိချက် အရတော့ ခေါင်းလျှော်ရည်ထဲမှာ ပါတဲ့ ဓါတုပစ္စည်းတစ်မျိုး ဖြစ်တဲ့ မီသိုင်းလ်အိုင်ဆို သိုင်ယာ ဇိုလီနန်းဟာ ကိုယ်တွယ်တဲ့မိခင်ရဲ့ လက်ကတစ်ဆင့် ဝမ်းထဲကသန္ဓေသားရဲ့ ဦးနှောက်နဲ့ အာရုံကြောစနစ်ကို ထိခိုက်စေတယ်လို့ ဆိုထားပါတယ်။ နောက်တစ်ချက်က အလှပြင်ဆိုင်ကသမီးလေးတွေ ကို အားပေးချင်တဲ့ဇောနဲ့ ခဏခဏ ဆံပင်သွားလျှော်နေကြတဲ့ ကျွန်တော် တို့ မိတ်ဆွေ ပုရိသတွေ လည်း ဆင်ခြင်သင့်တယ်ခင်ဗျ။ အဲသလို ခေါင်းလျှော်တဲ့အခါ နားဆေးတယ်ဆိုပြီး နားထဲကို ရေထည့်ကလိတဲ့ဒဏ် ခံရလို့ (တချို့ သူတို့လက်သည်းချွန်နဲ့ ထိုးလှည့်၊ တချို့က နားအုံ ကို လက်ဝါးနဲ့ရိုက်) နား ရောဂါ ကုဆေးရုံကို ရောက်လာတဲ့သူတွေ များ လွန်းလို့ ဆရာဝန်ကြီးတွေ ကတောင် သတိပေးစကား ပြောနေရတာ ပဲ။ ဘာမဆို တန် မက်ဒီဇင်း လွန် ဒိန်းဂျား ပေါ့ခင်ဗျာ။ ပဋိဇီဝဆေးတွေ ကို စည်းစနစ်ကျကျ မသုံးစွဲလို့ အရေး ကြုံတော့ အစွမ်းမထက်တော့တာ၊ ဒီဆေး တွေ ရဲ့ ဘေးထွက်ဆိုးကျိုး ခံစားနေရတာ တွေ မြင်နေရပါတယ်။ ပင်နယ်စလင် ပေါ်စတုန်းက လည်း အစွမ်းထက်လွန်းလို့ နတ်ဆေးလို့တောင် ခေါ်ခဲ့ကြတယ်။ ဒါပေမယ့် နေရာတကာ ပင်နယ် စလင်ကို သုံးသင့်တာထက် ပိုသုံးခဲ့တော့ အခုအာနိသင် လျော့ပါးနေပါပြီ။ ပင်နယ်စလင်ကို နှုတ်ခမ်းဆိုးဆေးတောင့်ထဲတောင် ထည့်သုံးခဲ့ပြီး " ရောဂါ မကူးစက်နိုင်တဲ့အနမ်း" လို့ ကြော်ငြာရောင် း ခဲ့တယ်တဲ့။

...

ပါးလိုက်ပါတဲ့ ပေဖူးလွှာ

ကျွန်တော် ဟာ အခုလို ဖြတ်စဖျင်းတောင်းစာတွေ ကို မဂ္ဂဇင်း၊ ဂျာနယ်တွေ မှာ ဟိုပါ ဒီပါ ပါ အောင် လက်ရဟတ်ကို စက်တပ်ထားသလို ရေး နေပေမယ့် (ဆရာ တင့်တယ ကတော့ ခါနာတစ် လုတ်အတွက် ဝါစာကမာလုပ်တယ်လို့ ဆိုဖူးပါတယ်) ပုဂ္ဂိုလ်ရေး အပြန်အလှန် ပေးစာတွေ ရေး ရ မှာ တော့ အင်မတန် ပျင်းရိလက်တွန့်တဲ့သူပါ။ ဒါ့ကြောင့် မိတ်ပျက်ခဲ့ရပေါင်းများ ပြီ။ အီးမေးလ်ဆို ဝေလာဝေးရော၊ တယ်လီဖုန်း ဆက်ဖို့လည်း ဝါသနာမပါ။ လက်ကိုင်ဖုန်းနဲ့ တူတာဆိုလို့လဲ နို့ဆီဗူးခွက် အလွတ်တောင်မရှိ။ ဒီလောက်ကြွားရရင် တော် ပါပြီ။ ဟိုးအရင်ခေတ်တွေ ကတော့ စာတိုက်ကို အားထားခဲ့ကြဖူးပါတယ်။ အဲဒီ စနစ်မှာ စာတွေ အချိန်မှန် မရောက်တာ၊ စာတွေ ပျောက်တာတော့ ရှိတာပေ့ါဗျာ။ ဒါက ကျွန်တော် တို့ဆီမှာ သာ ကွက် ဖြစ်နေတာ မဟုတ်ပါဘူး။ နော်ဝေးက အမျိုးသမီး ဘရီကလီယဘိုက်စ်ဟာ လွန်ခဲ့တဲ့ ၅၄ နှစ် က သူ့ယောက္ခမတွေ ပို့လိုက်တဲ့စာကို မကြာသေးခင်က မှ လက်ခံရရှိတယ်။ စာထဲမှာ သူ့ယောက္ခမတွေ ကျန်းမာရဲ့ လား မေးလိုက်တဲ့ သူတို့ရဲ့ ၂ နှစ် သား အရွယ် မြေးလေးတောင် အလုပ်က ပင်စင်ယူတော့မယ်တဲ့။ ဒီထက်ဆိုးတာက လွန်ခဲ့တဲ့နှစ် ပေါင်း ၂၈၆ နှစ် ၊ ၁၇၁၈ ခုနှစ် က လူသာရန် ဘုရားရှိခိုးကျောင်းက အော်စတီအင်မြို့ က ဘုရားကျောင်းကို သူတို့ကျောင်းထိုင်ဘုန်းကြီး ဆုံးပါးသွားတဲ့အတွက် ဘုန်းကြီးတစ်ပါး အစားလွှတ်ပေးဖို့ ရေး လိုက် တဲ့ စာပါပဲ။ အဲဒီ တုန်းက စာပို့တိုက်တွေ မပေါ်သေးတော့ နွားကုန်သည်တွေ နဲ့ စာကြုံ ပါးလိုက်တာ ပါ။ စာအိတ်ပေါ်မှာ ရေး ထားတဲ့လက်ရေး ဟာ ရှုပ်ထွေးနေတဲ့အတွက် အဲဒီ စာဟာ အဖတ်မှာ းပြီး ဖရန့်ဖတ်မြို့ ကို ရောက်သွားတယ်။ နောက်ဆုံး တဝဲလည်လည် ဖြစ်နေတဲ့ ဒီစာဟာ လက်ရေး လက် သားကျွမ်းကျင်သူ ပါရဂူတစ်ဦးရဲ့ အကူအညီကြောင့် လိပ်စာမှန်၊ နေရာမှန်ကို ရောက်လာတယ်တဲ့။ အနှစ် ၃၀၀ လောက်တော့ ကြာတာပေ့ါ ခင်ဗျာ။ ရည်းစားဆီသာ ပေးတဲ့စာဆိုရင် ...

•••

# ဗုဒ္ဓ ကယ်ပ့ါခင်ဗျား၊ ဒုက္ခတွေ ကများ

အရင်က ဒီသီချင်းကို လူတိုင်းပါးစပ်ဖျားရောက်အောင် အောင်မြင်တဲ့ အသံကြီးဟစ်ခဲ့တဲ့ သူက တစ်ခါက မြင်းပြိုင်ပွဲတွေ မှာ ဘုရင်တစ်ဆူလို နာမည် ကြီးခဲ့တဲ့ ဂျော်ကီဘုရင်လေးရဲ့ သား အဆိုတော် ကိုစိုးပိုင်ကြီး ခင်ဗျ။ (သူ ကတော့ သူ့အဖေလို မြင်းမစီးဘဲ ပင်လယ်ကူးသင်္ဘော စီးတယ်တဲ့) ပြန်ဆိုတေးတွေ ခေတ်ထတဲ့အချိန် ဒီသီချင်းကို ပြန်ဆိုလိုက်တဲ့ သူက ဝက်စ်ဘရွန်းက မန်နေဂျာ ဘရိုင်ယန်ရော့ဘ်ဆင်ပါပဲ။ ဘောလုံးဆိုတာ လေးထောင့်မဟုတ်မှန်း သိတဲ့လူတိုင်း ဘောလုံးအကြောင်း ပြောနေတဲ့အထဲ ဒီကောင်ဝင်ပါပြန်ပြီလို့ အပြစ်တင်မစောပါနဲ့။ အဲဒီ ဝက်ဘရွန်းဆိုတဲ့ အသင်းဟာ ပရီးမီးယားလိဂ်တန်းဆင်းဇုံရောက် လေးသင်းထဲမှာ တစ်သင်းအပါ အဝင် ဖြစ်နေတယ်တဲ့။ ကျန်အသင်းတွေ က နော့ဝစ်သ်၊ ဆောက်သမ်တန်နဲ့ ခရစ္စတယ်ပဲလေ့စ်တဲ့။ အဲဒီ အသင်းထဲမှာ သုံးသင်းက ပထမတန်း ဆင်းရတော့မယ်။ ဒီဒုက္ခတွေ က လွတ်အောင် ရော့ဘ် ဆင်ဟာ ဗုဒ္ဓဘုရားရဲ့ ပုံတော် ကို ယုံယုံကြည်ကြည်နဲ့ အိတ်ထဲမှာ ဆောင်ထားရင်း နှုတ်ကလည်း ထုတ်ဖော်ပြောခဲ့တယ်။ ဒီပုံတော် က သူ့သားသမီးတွေ စပိန်ကို သွားလည်ရင်း လက်ဆောင်ဝယ် လာခဲ့တာတဲ့။ ဒီပုံကို ဆောင်ထားရင် ကံကောင်းမယ်လို့ ပြောလို့တဲ့။ ကျွန်တော် တို့ဟာ ကြားထဲက မဆီမဆိုင် ဘုရားတနေရတဲ့အ ဖြစ်။ ခုတော့ သူ့ဆုတောင်း ပြည့်ပြီဆိုရမယ်။ ထူးထူးကဲကဲ သူ့ တစ်သင်းတည်း တန်းဆင်းရမယ့် ဒုက္ခကလွတ်မြောက်သွားပြီတဲ့။ ရော့ဘ်ဆင် တစ်ယောက် ကိုမဂျစ်ရဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုလေမလား။ နားစွင့်ကြဦး ခင်ဗျ။

•••

အမြုံ၊ နေကြာပန်းနှင့် မိုဘိုင်း

ခေတ်မီတာ ကောင်းပါတယ်။ ခေတ်မီ လူသုံးကုန်ပစ္စည်းတွေ ၊ ကိရိယာတွေ ကို အသုံးပြုနိုင် ကြတာလည်း ကောင်းပါတယ်။ ဒါပေမယ့် Side effect ခေါ်တဲ့ ဘေးထွက်ဆိုးကျိုး ရဲ့ အန္တရာယ်ကို လည်း သတိထားကြရင် ကောင်းပါတယ်လို့ ဆိုရမယ်။ လက်တော့ဗ်ခေါ်တဲ့ တစ်ကိုယ်ရည်သုံး ကွန်ပျူတာ အငယ်စားလေးတွေ ကို မြန်မာနိုင်ငံမှာ တစ်နေ့တခြား သုံးစွဲတဲ့ လူတွေ တိုးတက်များ ပြားလာတယ်။ သူက အရွယ်အစားသေးတယ်။ သယ်ရတာ ပေါ့ပါးလွယ်ကူတယ်။ နေရာမရွေး သက်သက်သာသာ သုံးစွဲနိုင်တယ်။ သူတို့နိုင်ငံမှာ တော့ လမ်းဘေးပလက်ဖောင်းတွေ ၊ လူထုပန်းခြံ တွေ မှာ လူတွေ ထိုင်ပြီး သုံးစွဲနေတာ (ရုပ်ရှင်၊ ဗီဒီယိုတွေ ထဲမှာ ) မြင်ဖူးနေတာပါပဲ။ အဲဒီ မှာ ပြဿ နာ က လက်တော့ဗ်ကလေးတွေ ကို ဒူးပေါ်ပေါင်ပေါ်တင် သုံးစွဲခြင်းဟာ ယောက်ျားများ အတွက် ဖွားဖက်တော် ကို ထိခိုက်နိုင်ပြီး လူဟာအမြုံဘဝကို ရောက်သွားစေနိုင်တယ်လို့ သုတေသနပြုသူ တွေ က တင်ပြနေကြတယ်ခင်ဗျ။

တဆက်တည်းမှာ ပဲ မိုဘိုင်းဖုန်းတွေ ဟာလည်း အဲဒီ မှာ ထွက်ပေါ်လာတဲ့ လျှပ်စစ်လှိုင်းဟာ ဦးနှောက်ထဲက ဆဲလ်တွေ ကို ထိခိုက်စေနိုင်ပြီး၊ သတိပေးချက်တွေ ထွက်ပေါ်နေပါတယ်။ ဦးနှောက် အဖုအကျိတ် ဖြစ်နိုင်တယ်။ ကင်ဆာ ဖြစ်နိုင်တယ်ပေါ့။ နောက် မိုဘိုင်းဖုန်းတွေ နဲ့ ပတ်သတ်တဲ့ သုတေသနပြုမှု ကတော့ ကြုံဆိုစရာခင်ဗျ။ အမေရိကန်နိုင်ငံ အခြေစိုက် မော်တိုရိုလာ တယ်လီဖုန်းကုမ္ပဏီ သူတို့ဆီက ထုတ်တဲ့ဖုန်းတွေ ကို ပိုလီမာဆိုတဲ့ ပလပ်စတစ်တစ်မျိုးနဲ့ ဖန်တီးထုတ်လုပ်တယ်တဲ့။ ဖုန်းကို အသုံးမလိုတော့လို့ စွန့်ပစ်လိုက်ရင် အဲဒီ ပလပ်စတစ်ဟာ အဆိပ်အတောက် လုံးဝမ ဖြစ်ဘဲ မြေကြီးထဲမှာ အလွယ်တကူ ပျော်ဝင်သွားနိုင်တယ်တဲ့။ ပိုထူးခြားတာက အဲဒီ ပိုလီမာထဲမှာ နေကြာစေ့တွေ ကို မြှုပ်ထားတဲ့အတွက် တယ်လီဖုန်းဟာ မြေကြီးထဲ ပျော်ဝင် သွားတာနဲ့ အဲဒီ နေရာမှာ နေကြာပန်းတွေ အလိုလိုပေါက်လာကြမယ်တဲ့။ ကဲ မကောင်းဘူးလား။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် တော် တော် အထောက်အကူပြုတာပဲ။ မိုဘိုင်းဖုန်းနား မကပ်နိုင်တဲ့ ကျွန်တော် တို့အတွက်လည်း မိုဘိုင်းဖုန်းက ဖြစ်တဲ့ နေကြာစေ့လေး စားရရင် ရသေ့ စိတ်ဖြေပေါ့ ခင်ဗျာ။

•••

## ဒီသင်တန်း ဖွင့်ကြဦးမလား

မြန်မာပြည်မှာ သင်တန်းကျောင်းတွေ မှိုလိုပေါက်နေတာ ကောင်းတာပေါ့ခင်ဗျာ။ ပညာပေး ချင်တဲ့သူက ပေး၊ ပညာယူချင်တဲ့သူက ယူ ကောင်းတာပါပဲ။ သရုပ်ဆောင်သင်တန်း၊ အဆိုသင်တန်း၊ အကသင်တန်း၊ အင်္ဂလိပ်စာ၊ ပြင်သစ်စာ၊ တရုတ်စာသင်တန်း၊ အချက်အပြုတ်သင်တန်း၊ အချုပ်အလုပ်သင်တန်း၊ ပိန်အောင်လုပ်တဲ့သင်တန်း၊ ရေကူးသင်တန်း စသဖြင့် ပေါ့ ခုခေတ် လူတွေ လည်း ကြည့်ရတာ သင်မှတက်မယ့်လူတွေ ဖြစ်လာပုံရပါတယ်။ ကောင်ကလေး ကျော်ဝဏ္ဏတောင် သွန်းနေစိုး ဆိုတဲ့နာမည် နဲ့ ပန်းချီသင်တန်း၊ ဇာတ်ညွှန်းရေး သင်တန်း၊ တေးရေး တေးဆို သင်တန်း၊ လူမှု ဆက်ဆံရေး သင်တန်းတွေ ကို လမ်း ၄၀ မှာ တခမ်းတနား ဖွင့်ဆိုပဲ။ သူ့သင်တန်းကြော်ငြာ တစ်ခုမှာ (မည် သည့်သင်တန်း တက်သူကိုမဆို ဝတ္ထုတိုရေး နည်း အခမဲ့သင်ပေးမည် ) ဆိုတာ တွေ့ လိုက်ရတော့မှပဲ သြော် ... ဝတ္ထုတိုဆိုတာ အလကား နမူနာပေးရတဲ့အဆင့် ရောက်နေပြီဆိုတာ သိလိုက်ရတယ်။ ကိုသွန်းနေစိုး အတုယူချင်လည်း ယူရအောင် ဩစတြေးလျ ကင်ဘာရာတွေ က သင်တန်းတစ်ခုအကြောင်း ပြောချင်ပါတယ်။ အဲဒါ ကတော့ ကြောင်တွေ ကို "ဘိုထိုင်အိုး" သုံးပြီး အညစ်အကြေး စွန့်တဲ့နည်းကို သင်တန်းပေးတာတဲ့။ (မြန်မာတွေ ကတော့ ကြောင်ကို ကုပ်က ဆုပ်ကိုင်ပြီး ပြာပုံမှာ ဖင်ကို သုံးချက်ဆောင့်ပေးလိုက် တာပဲလေ။) အဲဒီ ကလေးနှစ် ယောက် အမေ အလုပ်မရှိကြောင်ရေချိုး အဲလေ ကြောင်အိမ်သာတက်နည်း သင်ပေးတဲ့ ဂျူး လက်ပစ် ကတော့ သင်တန်းကာလ ၈ ပတ်တောင် ကြာတယ်လို့ ဆိုတယ်။ သူချစ်လို့ မွေးထားတဲ့ ကြောင်ကြီး ဒူးဂဲလ် ကတော့ တက်မြောက်သွားပြီတဲ့။ အိုးထဲ တစ်ကြိမ်တော့ လိမ့်ကျဖူးပါတယ်တဲ့။ ပြောစရာရှိသေး တယ်ခင်ဗျ။ အဲဒီ သူချစ်လို့မွေးထားတဲ့ ဒူးဂဲလ်ဆိုတာ မြန်မာကြောင်ကြီးတဲ့ ခင်ဗျ။ မြန်မာတို့ ပေါက် ရောက်ပုံ ပြောပါတယ်။

•••

## မောင့်ဝက်ပျိုမလေး

အရင်တုန်းက မိန်းမဆို ဝမှ လှတယ် ထင်ကြတယ်တဲ့။ မိုက်ကယ်အိန်ဂျလိုတို့ ခေတ်က ပန်းချီကားတွေ ကြည့်ရင် သိသာပါတယ်။ အဲဒီ တုန်းက ကိုယ့်ချစ်သူကို ချစ်စနိုးခေါ်ကြတာက မောင့်ရဲ့ ဝက်ပျိုမလေးတဲ့။ ကျွန်တော် တို့ဆီမှာ တော့ ပုဇွန်တုပ်ကြီးလို့ ခေါ်တယ် ထင်ပါတယ်။ ရုပ်ရှင်မင်းသမီး ဒေါ်မြင့်မြင့်ငွေ၊ ဒေါ်သီသီတို့ကို ဒီလို အမွှန်းတင်ခဲ့ကြတာပဲ။ အဲဒီ ခေတ်က အနောက်နိုင်ငံမှာ လည်း လုံးကြီးပေါက်လှဆိုတဲ့ (King Size လို့ ခေါ်ရင်လည်းရမယ် ထင်ပါရဲ့ ) အင်နီတာအက်ဘက်တို့၊ ဂျိမ်းစ်မင်းဖီးလ်တို့လို မင်းသမီးတွေ ခေတ်စားခဲ့တာပဲ။ ဟော နောက်ကျ တော့ ပိန်မှလှတယ် ထင်ကြပြန်ရော။ ယောက်ျားတွေ ရဲ့ မျက်လုံး ဖောက်လွဲဖောက်ပြန်နိုင်ပုံ ပြော ပါတယ်။ နီကိုးကစ်မင်းတို့၊ အိန်ဂျလာကျော်ဇင်တို့လို ကိုယ်လုံးမျိုးမှ ဆွဲဆောင်မှု ရှိတယ် ထင်ပြန်ရော။ ဒါပေမယ့် ဝတဲ့မိန်းမကလေးတွေ စိတ်အားမငယ်ရအောင် ကမ္ဘာမှာ ထူးထူးခြားခြား အဝအလှမယ် ရွေးပွဲတွေ ကျင်းပခဲ့ပါတယ်။ မကြာသေးခင်ကလည်း ထိုင်းနိုင်ငံမှာ ဒီပွဲတစ်ခု ကျင်းပပေးခဲ့ပါတယ်။ စင်ပေါ်မှာ ဆင်မယဉ်သာ လျှောက်ပြတဲ့ မမဝဝတွေ ရဲ့ ပွဲကို ပိုက်ဆံပေးကြည့်ရပြီး အဲဒီ ကရတဲ့ ငွေတွေ ကို ရှားပါးတဲ့ ဆင်တွေ ကို စောင့်ရှောက်ထိန်းသိမ်းတဲ့နေရာမှာ အသုံးပြုမယ်လို့ သိရပါတယ်။ မြန်မာပြည်က မမဝဝတွေ အတွက်လည်း မထွားကြီးများ အလှပြိုင်ပွဲကို "Ms. Myanmar Jumbo Size Queen" ဆိုတဲ့အမည် နဲ့ ဒဂုန်စင်တာမှာ ကျင်းပပေးမယ်လို့ ဒီဇင်ဘာလထဲက မစ္စတာ ဘရိုင်ယန်က ကြေညာခဲ့ပါတယ်။ ဒဂုန်စင်တာ နှစ် ပတ်လည်နေ့ပွဲမှာ ကျင်းပပေးဖို့ ရှိပေမယ့် (မြန်မာပြည်က မမဝဝတွေ က အဆီပိုနေသလို အရှက်ပိုနေတယ် ထင်ပါရဲ့ ) စာရင်းလာပေးမယ့်သူ တစ်ယောက် မှမရှိလို့ ဒီပွဲကို ဖျက်သိမ်းလိုက်ရတဲ့အကြောင်း

မကြာသေးခင်ကပဲ ကြေညာလိုက်ပါ တယ်။ (တကယ်လို့ ကျင်းပ ဖြစ်ရင်လည်း "ပွင့်" ပဲရမယ် ထင်ပါရဲ့ )

•••

# သတင်းအစစ်ဆိုတာ ...။

ကျွန်တော် တို့မြန်မာနိုင်ငံ သတင်းနှင့်စာနယ်ဇင်းလောကမှာ ဆရာအရှင် အစဉ်အဆက် ပြောတဲ့သတင်းနဲ့ ပတ်သတ်ပြီး ထိလဲထိရောက် မှတ်လည်း မှတ်သားလောက်တဲ့ သင်ကြားချက် တစ်ခုရှိပါတယ်။ အဲဒါက "လူကို ခွေးကိုက်တာ သတင်းမဟုတ်ဘူး။ ခွေးကို လူကိုက်တာမှ သတင်း တဲ့။ "ဒီလိုသတင်းမျိုး ကတော့ ဖြစ်နိုင်ပါ့မလားဗျာ။ ဆရာသမားတွေ ကလည်း သတင်းဆိုတဲ့ သဘောကို ခြုံငုံမိအောင် ဩဝါဒပေးတာပဲ။ ဒါပေမယ့် ဘယ်ပညာရှင်ကဆိုလား (သေသေချာချာ မသိတော့ ရောချလိုက်ပါရစေ။) ဆိုတယ်၊ နေရောင် အောက်မှာ မ ဖြစ်နိုင်တဲ့အရာ မရှိဆိုတာလေ။ ဟုတ်ကဲ့၊ တလောက ခွေးကိုကိုက်တဲ့ လူအကြောင်းကို သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ဒီ လောက် မပူပါနဲ့။ ကျွန်တော် တို့ မဟာသာကီတွေ က ခွေးကိုကိုက်လောက်အောင် မမိုက်ကြပါဘူး။ သတ်စားရုံလောက်ပဲ သတ်စားတာပါ။ အခု ဖြစ်တာက အမေရိကန် ဖလော်ဒီယာမှာ တဲ့၊ အသက် ၂၁ နှစ် လောက်ရှိသေးတဲ့ ငနဲလေးဟာ ခွေးကို လေ့ကျင့်သင်ကြားပေးရင်း သူ့ချစ်သူနဲ့ စကားများ ပြီး ခွေးကို ထကိုက်ခဲ့တာတဲ့။ ခွေးဟာ ဂျက်ရပ်ဆယ် အမျိုးအစား ယုန်လိုက်ခွေး တစ်ကောင်ပါ။ ဆွေမျိုးတစ်ဦးဟာ ရဲကိုအကြောင်းကြားလို့ ရဲက လာစစ်ဆေးတဲ့အခါ ခွေးဘယ်ဘက်ခြေထောက် မှာ သွေးထွက်သံယို ဖြစ်နေတဲ့ လူကိုက်ရာကြီး တွေ ့လိုက်ရတယ်တဲ့။ ဒီငနဲလည်း တိရိစ္ဆာန်ညှဥ်းပမ်းမှု နဲ့ အချုပ် ၂ ရက်ချပြီးမှ အာမခံနဲ့ ပြန်ထွက်လာရတယ်တဲ့။ ခွေးမကိုက်ဘဲ ချစ်သူသာ ကိုက်မိရင် ဘာမှု များ ဖြစ်မလဲမသိဘူး။

•••

စိန်ခေါ်နေသော စိန်

ကျွန်တော် တို့ဘဝမှာ စိန်နဲ့ ပတ်သတ်တာဆိုလို့ ငယ်ငယ်က စိန်ပြေးတမ်း ကစားဖူးခဲ့တာပဲ ရှိတယ်။ အဲ ကတ်သီးကတ်သတ် ပြောရရင်တော့ ကျွန်တော့် သူငယ်ချင်း တစ်ယောက် နာမည် မှာ လည်း "စိန်" ပါတယ်။ ကိုစိန်သန်း (ဆရာ မြတ်သစ်ပေါ့ ခင်ဗျာ။) သို့သော် လည်း စိန်အကြောင်း ပြောချင်တာက ဒီလိုခင်ဗျ။ ရုပ်မြင်သံကြားက စိန်တိုက်ကြော်ငြာတွေ ကြည့်ရင်း သတင်းတစ်ပုဒ် လည်း ဖတ်လိုက်ရလို့ပါ။ ကမ္ဘာကတွေ့ရတဲ့ တစ်ခုသော နဂါးငွေ့တန်းထဲက ဂြိုဟ်တချို့ဟာ ကာဗွန်နဲ့ သံဓါတ်ပေါင်းပြီး ဆီလီကွန်အောက်စီဂျင် ဓါတ်ပြောင်းမှု ကြောင့် အပေါ်ယံမြေလွှာတွေ ဟာ စိန် ဖြစ်နေတယ်လို့ ထုတ်ပြန်ကြေညာလိုက်တဲ့ အချက်ပဲခင်ဗျ။ စိန်လိုချင်ရင် မြေအောက် လိုဏ်ခေါင်းတူး ဆင်းစရာမလိုတော့ဘူး။ တူရွင်းနဲ့ ခပ်လွယ်လွယ် ထိုးကော်လိုက်ရုံပဲ မဟုတ်လား။ တကယ်တော့ စိန်ဆိုတာကလည်း ဘာမှမဟုတ်ဘူး ခင်ဗျ။ ကာဗွန်ပါပဲ၊ ကျွန်တော် တို့ မီးသွေးကို လိုအပ်တဲ့ဖိအားနဲ့ အပူပေးလိုက် ရင် စိန် ဖြစ်တာပဲ။ နောက်တစ်ခုက ကျွန်တော့် မိတ်ဆွေ ဂျာမနီ ကျောက်ရိုင်း (ဘူမိ) (သူကလည်း ပေါ့သေးသေးမဟုတ်ပါ။ မော်ဒန်ဝတ္ထုတွေ ရေး လက်စွမ်းပြနေတဲ့ မောင်ကျော်သာ (ပဲခူး) ပါပဲ) ပြောတာ ကတော့ နိုင်ငံခြားက ကုမ္ပဏီတစ်ခုက ကြေညာထားတယ် တဲ့။ ကွယ်လွန်သွားတဲ့ ချစ်တဲ့သူရဲ့ အရိုးကို စိန် ဖြစ်အောင် ပြောင်းလဲလုပ်ပေးနေပြီတဲ့ခင်ဗျ။ ဒါမျိုးဟာ မောင်ပေါက်ကျိုင်းတို့ ခေတ်ကတည်းက ပေါ်ခဲ့ရင်တော့ "ထောင်ပေးလို့ဆုတ်၊ ရာပေးလို့ချုပ်၊ ချစ်တဲ့လူအရိုး စိန်ဆံထိုးလုပ်" လို့ စကားထာဝှက်မှာ သေချာပါတယ်။ တပ်ချုပ်မဟာ ဆောက်တဲ့ ဘုရင် ရှားဂျဟာန် အသေစောသွားလို့ပေါ့ဗျာ။ နို့မို့ဆို သူ့မိဖုရား အရိုးဟာ အစောဆုံးစိန်လို့ ရာဇဝင် တွင် ဦးမယ်။

လူတွေ က စိန်ကို တန်ဖိုးထားကြတော့ လာဘ်မြင်သူတွေ ကလည်း စိန်နဲ့ ပတ်သတ်ပြီး ဈေးကွက်ကို အမျိုး မျိုး တိုးချဲ့လာတယ်ခင်ဗျ။ မကြာသေးခင်က နယူးယော့ခ်မြို့တော် က အယ်လ် ဂွန်ကင်ဟော်တယ်မှာ မာတီနီကော့လ်တေးအရက် တစ်ခွက်ကို ဒေါ်လာတစ်သော င်းနဲ့ စတင် ရောင်းချနေတယ်တဲ့။ ဘာလို့ ဒီအရက်ဟာ ဒီလောက်တောင် ဈေးကြီးရတာ လဲဆိုတော့ အဲဒီ အရက် ဖန်ခွက်ထဲမှာ စိန်တစ်လုံး ထည့်ပေးထားလို့တဲ့။ ကဲ

အမုန်းပဲများ သိမ်းတင်သားရေ။ ကျွန်တော့်မှာ ငွေပိုငွေလျှံလေး နည်းနည်း လောက်ရှိရင် သက်သက်သာသာ (သူ ရေတစ်ခါချိုးရင် သက်သာဆပ်ပြာမှုန့် နှစ် ထုပ်ကုန်လို့ ဒီနာမည် ရတာ ဆိုပဲ) ကို တစ်ခွက်လောက်ဝယ်တိုက်ချင်ပါ တယ်။ အဲ တစ်ခုတော့ ရှိပါတယ်။ သူ့ဖာသာ နွားငတ်ရေချ အလောတကြီး သောက်မိလို့ အဲဒီ စိန်လုံး သူ့လည်ချောင်းထဲ ဝင်သွားရင်တော့ ကျွန်တော့် တာဝန် မဟုတ်ကြောင်းပါ ခင်ဗျာ။

•••

## ဘာသာစကားငှိကာ

ဆရာမောင်စူးစမ်းရဲ့ (ဘာသာဗေဒရှုခင်းကို ကြည့်ခြင်း) ဆောင်းပါးကိုဖတ်ပြီး ရလာတဲ့ အတွေး ဖြစ်ပါတယ် ခင်ဗျ။ ယခုအခါ ကမ္ဘာပေါ်မှာ ပြောဆိုနေတဲ့ ဘာသာစကားဟာ အမျိုးပေါင်း ၆၈၀၀ သာရှိတော့တယ်။ (လွန်ခဲ့တဲ့ အနှစ် တစ်သောင်းကျော်လောက်က ကမ္ဘာ့လူဦးရေ ၁၀ သန်း လောက်ပဲ ရှိပေမယ့် သုံးစွဲပြောဆိုခဲ့တဲ့ ဘာသာစကား အမျိုးပေါင်း ၁၂၀၀၀ ကျော်ရှိတယ်တဲ့။) အခုလက်ရှိ သုံးစွဲနေတဲ့ ဘာသာစကား ၆၈၀၀ ထဲကလည်း ၃၀၀၀ ဟာ မျိုးတုံးတော့မယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်ဆိုပဲ။ (၁၅ ရက်မှာ ဘာသာစကား တစ်ခုနှုန်းနဲ့ ပျောက်ကွယ်နေတယ်တဲ့။) ကဲ ... သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်တွေ အနေနဲ့ ပင်ဒါဝက်ဝံတွေ၊ ဘင်္ဂလားကျားတွေ၊ အမေရိကန် ခေါင်းဖြူလင်းယုန်တွေ မျိုးတုံးမှာ စိုးရိမ်ပူပန်ပြီး ကာကွယ်ဖို့သာ စဉ်းစားမနေကြပါနဲ့။ ဘာသာစကားတွေ မျိုးတုံးမယ့်ရေး ရော ဘယ်လို အကာအကွယ်ပေးမလဲ။ ဥပမာ လက်တင်၊ သက်ကရိုက်နဲ့ ဂရိဘာသာစကားတွေ ဟာ အပြောပုံသဏ္ဌာန်နဲ့ မရှိတော့ပေမယ့် အခုအချိန်ထိ အရေး ပုံစံနဲ့ ရှိနေသေးဆဲကိုး။ ဒါပေမယ့် တချို့ဘာသာစကားတွေ က အင်မတန် အားနည်းလေတော့ ကယ်တင်ဖို့ ခပ်ခက်ခက်ပဲ။ ကင်မရွန်က ဘာစူးဘာသာစကားဆို ပြောတဲ့လူ ၈ ဦးပဲ ကျန်တော့တယ်တဲ့။ အမေရိကန် လူနီလစ်ပန်

အပါချီစကားဆိုရင် ပြောတဲ့လူ ၂ ယောက် ပဲ ကျန်တော့တယ်တဲ့။ တစ်ခုတော့ ကောင်းတယ်။ စကားပြောဖော်မရှိမှာ စိုးတော့ တစ်ယောက် နဲ့ တစ်ယောက် စိတ်မကောက်ရဲကြဘူးပေါ့။ အဲဒီ ထက် ဆိုးတာက ဩစတြီးယားက ဝါဂျိုဂိုဘာသာ စကားတဲ့။ ပြောတဲ့သူ တစ်ယောက် ပဲ ရှိတော့တယ်။ ခက်တာပဲ။ ဒီလူ ဘယ်သူနဲ့ စကားပြောမလဲ။ စာခြောက်ရုပ်နဲ့လား။ သစ်ငုတ်တိုနဲ့လား။ မြင်တဲ့သူက အရူးလို့ထင်ဦးမယ်။ သူ့စကားလည်း နားလည်မယ့်လူမရှိတော့ သူ့ဘဝဟာ အ နေတာထက်တောင် ဆိုးဦးမယ်ထင်ပါရဲ့ ။ အဲ အဓိက လူပြောအများ ဆုံး ဘာသာစကားတွေ က ကမ္ဘာမှာ ၁၁ ခုပဲ ရှိတော့တယ်။ ဒီထဲမှာ တရုတ်စကား ပြောတဲ့လူ အများ ဆုံး ဖြစ်ပြီး ဒုတိယလိုက်တာက အင်္ဂလိပ်ဘာသာစကားတဲ့။ အခုတော့ တစ်ကမ္ဘာလုံး အင်္ဂလိပ်ဘာသာစကားကို အပူတပြင်း လေ့လာလိုက်စားနေ[]ကတော့ မကြာမီ အင်္ဂလိပ် ဘာသာစကားဟာ နံပါတ် ၁ နေရာကိုရောက်သွားနိုင်ပါတယ်။ ကျွန်တော် တို့ နိုင်ငံမှာ လည်း အင်္ဂလိပ်စကားပြော သင်တန်းတွေ ၊ အင်္ဂလိပ်စကားပြော စာအုပ်တွေ ပလူပျံအောင် ထွက်နေတာပဲ။ ဒီထဲမှာ ကျွန်တော် တို့ ငယ်ငယ်ကတည်းက နာမည် ကြီးတဲ့ အင်္ဂလိပ်စကားပြော စာအုပ် ကတော့ "လင်ဂွာဖုံး" ဖြစ်ပါတယ်။ လန်ဒန်က ဘာသာဗေဒ ပါမောက္ခကြီးတွေ ကိုယ်တိုင်စီစဉ်ထားတော့ အင်မတန် စနစ်ကျလို့ လူကြို က်များ ပါတယ်။ အဲဒီ "လင်ဂွာဖုံး" ကိုအားကျလို့ထင်ပါရဲ့ ။ တီထွင်မှု မှာ ရှေ့ဆုံးကပြေးနေတဲ့ ကိုရွှေနီပွန်တို့က လွန်ခဲ့တဲ့ သုံးနှစ် လောက်က "ဝုတ် ဝုတ် လင်ဂွာ" နဲ့ "မိညောင် လင်ဂွာ" ဆိုတာ ထုတ်လိုက်တာ သူတို့ဆီမှာ တော့ အတော် နာမည် ကြီးသွားတယ်တဲ့။ တခြားမဟုတ်ပါဘူး။ ခွေးကလေးတွေ ရဲ့ တဝုတ်ဝုတ် ဟောင်သံနဲ့ ကြောင်ကလေးတွေ ရဲ့ တညောင်ညောင်အော်သံကို ဘာသာပြန်ပေးတဲ့ စက်တွေ ပါပဲ။ သူတို့ဆီက အိမ်မွေးတိရစ္ဆာန်ချစ် တဲ့သူတွေ က သူတို့ အချစ်တော် ကလေးတွေ ဘာပြောတယ်ဆိုတာ သိရအောင် ဝယ်သုံးကြတာ ပေါ့ခင်ဗျာ။ ဟော အဲသလို စျေးကွက်ရှိမှန်းသိရော၊ မတီထွင်ရရင် မနေနိုင်တဲ့ ဂျပန်တို့က "ဗူးဗူး လင်ဂွာ" လို့ခေါ်ရမယ့် ဗူးမှု တ်တတ်တဲ့ ကလေးတွေ ရဲ့ ငိုသံ ရယ်သံ ဗူးမှု တ်သံတွေ ကို (ဘာသာပြန် ပြမယ့် စက်ကို) အိမ်ထောင်ရှင်မိဘ လက်သစ်တွေ အတွက် တီထွင်နေပြန်ပါပြီတဲ့။ ၂၀၀၆ ခုနှစ် လောက်မှာ ရောင် းနိုင်မှာ ဖြစ်ပြီး ရောင် းဈေးက ယန်း တစ်သော င်းတဲ့။

•••

## အငယ်ဆုံး မော်ဒယ်ဘိုင်းကလေး

ဒီနေ့ မြန်မာနိုင်ငံ မော်ဒယ်လောက တစ်ခေတ်ဆန်းချိန်လို့ ဆိုရပါမယ်။ ရုပ်ရှင်ဂီတနဲ့ ကြော်ငြာလောကကို တိုးဝင်ဖို့အတွက် ပေါင်းကူးတံတားအနေနဲ့ မော်ဒယ်လောကကို အသုံးပြုခဲ့ ကြတယ်။ စိုင်းစိုင်း၊ သက်မွန်မြင့်၊ ဆုရွှန်းလဲ့ စသဖြင့် ဒီနည်းနဲ့ အောင်မြင်လာသူတွေ ကလည်း ရှေ့မှာ အမြောက်အမြား ရှိနေတာကိုး။ ဒီထဲမှာ စုမေတို့လို၊ မင်းသန့်မောင်မောင်တို့လို၊ ခြောက်လ စာ (လေဆာ) လေးတို့လို ဘေဘီမော်ဒယ်ကလေးတွေ လည်း ပေါ်ထွန်းလာတယ် ခင်ဗျ။ ဒီတော့ ကလေးမိဘတွေ က ပိုက်ဆံလည်းရ၊ ကိုယ့်သားသမီးလည်း နာမည် ကြီးတဲ့ ဒီလိုကလေး ကြော်ငြာ မော်ဒယ်ဘဝကို အိပ်မက်မက်ကြတာလည်း မဆန်းဘူးခင်ဗျ။ ဆန်းတာက အဲသလို ကြော်ငြာ မော်ဒယ်လ်ဘို င်းလုပ်ဖို့ အလုအယက် ကမ်းလှမ်းလာတဲ့ ကုမ္ပဏီတွေ ကို လက်မခံဘဲ ငြင်းလိုက်တဲ့ မိဘတွေ ပဲ ခင်ဗျ။ သူ့အဖေက သူ့သားဟာ စီးပွားရေး လုပ်ဖို့ ငယ်လွန်းသေးတယ်။ ကျန်းမာရေး ထိခိုက်လိမ့်မယ်လို့ ဆိုပါတယ်။ ငယ်ဆို သူ့သားဟာလည်း ရက်သားလေးပဲ ရှိသေးတာကိုး။ ကြိုင်ယိချိုလို့ခေါ်တဲ့ ဒီရက်သားလေးကို ဘာကြောင့် ကုမ္ပဏီတွေ က သရုပ်ဆောင်ပေးဖို့ စိတ်ဝင် စားရသလဲဆိုတော့ အဲ့ဒီကလေးဟာ (သူ့ကို ၂၀၀၅၊ ဇန်နဝါရီ ၆ ရက်၊ ကြာသပတေးနေ့က မွေးပါတယ်။) တရုတ်နိုင်ငံရဲ့ ကုဋေ ၁၃၀ မြောက်လူသားလေး ဖြစ်နေလို့ပါပဲတဲ့။ နိုင်ငံတော် အစိုးရက ပေကျင်းမှာ မွေးလာတဲ့ အဲ့ဒီကလေးကို ဒီလိုပဲ သတ်မှတ်ကြေညာပေးခဲ့ပါတယ်။ ဒီကလေးနဲ့ ကြော်ငြာချင်တဲ့ ကုမ္ပဏီတွေ ကလည်း အစုံဆိုတော့ (အဲဒီ ထဲမှာ မုတ်ဆိတ်ရိတ်ဓါးနဲ့ ဆေးတံ သောက်ဆေးတောင် ပါလိုက်သေးတယ်) ကလေးနဲ့ကိုက်ပ့ါမလား ... တွေ းပူစရာလည်း ရှိတာပေါ့။ ကျွန်တော် တို့ဆီ ကတော့ ကြော်ငြာတွေ က လွတ်လပ်တယ်။ မိန်းကလေးက ယောက်ျားလေးဝတ် ပုဆိုး ကြော်ငြာတယ်။ ယောက်ျားလေးက သနပ်ခါးမိတ်ကပ် ကြော်ငြာတယ်။ ခွေးက လူစားတဲ့မုန့်

ကြော်ငြာတယ်။ သူက သိပ်ကြိုက်တယ် ဆိုပဲ။ လူအလစ်မှာ ခိုးပြေးသွားတယ်။ ဘာပဲပြောပြော ပေါ့လေ။ ကြိုင်ယိချိုကလေးသာ ကြော်ငြာရိုက် ဖြစ်ရင် ကမ္ဘာ့စံချိန်တင် ဖြစ်တဲ့ ဂင်းနစ်စာအုပ်ထဲမှာ အသက်အငယ်ဆုံး မော်ဒယ်ဘွဲ့ရသူဆိုပြီး မှတ်တမ်းဝင်သွားမှာ သေချာတာပဲ။

•••

## ချွေးထွက်မှာ မပူနဲ့

တလောက နေတော် တော် ပူပါတယ်။ မြန်မာပြည်သာမက တစ်ကမ္ဘာလုံးမှာ ပူတာခင်ဗျ။ ပူတော့ ချွေးထွက်တယ်။ ချွေးထွက်တော့ ခန္ဓာကိုယ်ထဲက ရေဓါတ်နဲ့ အငန်ဓါတ်တွေ ဆုံးရှုံးတယ်။ ဒါတွေ ကို လိုအပ်သလောက် ပြန်မဖြည့်နိုင်ရင် အားအင်ကုန်ခန်းပြီး မူးမယ်၊ မောတယ်။ ဒီထက် လွန်ရင် ကြွက်တက်ပြီး သတိလစ်ရာက အသက်တောင် ဆုံးရှုံးနိုင်တယ်တဲ့။ ဒီတော့ ဘာ ဖြစ်သလဲ၊ ဗီတာမင်စီကို အားပြုထားတဲ့ ရေဆူဆေးပြားမျိုးစုံဟာ တော် တော် ရောင်းခဲ့ရပါတယ်။ ဆေးပြား ကလေးတွေ ဖန်ခွက်ထဲထည့်။ ပလုံစီပြီး ရေဆူလာရင် သောက်ရုံပဲ။ အဲဒါတောင် ရေရှာဦး၊ ခွက်ရှာ ဦးနဲ့ အလုပ်ရှုပ်တယ် ထင်သူတွေ အတွက် ဂျပန်အထည်အလိပ် ကုမ္ပဏီတစ်ခုက ဗီတာမင်အား ဖြည့်အင်္ကျီတစ်မျိုးကို ထုတ်လုပ်ရောင်းချလိုက်တယ် ခင်ဗျ။ ဗွီအပ်ခေါ်တဲ့ ဒီအင်္ကျီက ဗီတာမင် အထောက်အကူပြုအထူးချည်မျှင်နဲ့ ရက်လုပ်ထားတဲ့အတွက် ဝတ်ဆင်ထားတဲ့လူရဲ့ အရေပြားက ထွက်တဲ့ချွေး(ရေ)၊ အဆီစတာတွေ နဲ့ တွေ့တဲ့အခါ အဲဒီ ဗီတာမင်ဟာ အရည်ပျော်ပြီး ခန္ဓာကိုယ်ထဲ စိမ့်ဝင်သွားလိမ့်မယ်လို့ ဆိုပါတယ်။ အဲဒီ အင်္ကျီဝတ်ထားရင် တစ်နေ့ကို လီမွန်တီးနှစ် ခွက်လောက် သောက်သလို ဗီတာမင်ကို နေ့တိုင်းရနေမယ်လို့လဲ ပြောပါတယ်။ ခက်တာက ရေလျှော်လိုက်ရင် ဒီအင်္ကျီထဲက ဗီတာမင်တွေ အရည်ပျော်ဆုံးရှုံးသွားမှာ ကို စိုးရိမ်ရတဲ့ အချက်ပဲခင်ဗျ။ ရေမလျှော်ဘဲ ရေရှည်ဝတ်ဖို့လည်း မ

ဖြစ်နိုင်ပြန်ဘူး။ အခုထိတော့ မြန်မာပြည်ဈေးကွက်ထဲကို ဒီအကြိုရောက် မလာသေးပါဘူး။ ကျောက်စိမ်းမှု နှံ့လေးတွေ နဲ့ ချည်နဲ့ ရောစပ်ဖန်တီးထားတဲ့ ကျောက်စိမ်းပုဝါ ကလေးတော့ ရောက်နေပါပြီ။ ငါးထောင်တဲ့။ ဒီမျက်နှာသုတ်ပဝါနဲ့ (တကယ်တော့ မျက်နှာသာ မဟုတ်ဘူး တစ်ကိုယ်လုံးလည်း သုတ်နိုင်ပါတယ်) မျက်နှာသစ် ရေချိုးပြီးသုတ်ရင် အသားအရေ ဟာ တစ်နေ့တခြား စိုပြေဝင်းပလာမယ်လို့ ဆိုပါတယ်။ ဟုတ် မဟုတ်တော့ မသိဘူးဗျာ။ ကိုယ်မှ မသုံးဖူးဘဲ။

•••

## ခေတ္တ ခေါင်းစားခြင်း

ကြာတော့ ကြာပါပြီ။ ကျွန်တော့်မိတ်ဆွေ စာရေး ဆရာ တစ်ယောက် ရှိတယ်။ တစ်ခါက သူ မန္တလေးရောက်သွားတော့ သူ့ကိုလက်ခံရမယ့်လူက ရုတ်တရက် နေရာရှာမရလို့ မန္တလေးဟိုတယ် မှာ တစ်ရက်ထားလိုက်ပါတယ်။ နောက်နေ့ တခြားတည်းခိုစရာနေရာမှာ ရွှေ့လိုက်တယ်ပေါ့။ အဲဒီ တုန်း ကတော့ မန္တလေးဟိုတယ်မှာ တစ်ရက်တိတိ တည်းခိုပြီးကတည်းက နာမည် အောက်ကနေ (ခေတ္တမန္တလေးဟိုတယ်) ဆိုတဲ့စာကြောင်းကို ထည့်တော့တာပဲခင်ဗျ။ သူ့ဟာက တစ်ပုဒ်နဲ့လည်း မပြီး၊ နှစ်ပုဒ်နဲ့လည်းမပြီး၊ သုံးလေးလ ဒီလို ဆက်ပါနေတော့ ပြောမနာဆိုမနာ ဖြစ်နေတဲ့ ကျွန်တော် ကလည်း နောက်သလို ပြောင်သလိုနဲ့ ပြောရတယ်။ တစ်ရက်တည်းနဲ့ မန္တလေးဟိုတယ်မှာ ခင်ဗျား ဝတ္ထုဆောင်းပါးတွေ ဘယ်နပုဒ်တောင် ရေး လာသလဲ၊ များ လှချည်လားဆိုမှ သူ့ခေတ္တကြီးလည်း ရပ်သွားတယ်။ ရေခဲသေတ္တာဝယ်ပြီး (မီးဖိုချောင်ထဲထားရင် လူမမြင်မှာ စိုးလို့) ဧည့်ခန်းထဲမှာ ထား တတ်တဲ့ ကျွန်တော် တို့လူမျိုးတွေ ရဲ့ ဇာတိ ကတော့ နေရာတကာ ပြတတ်ပါတယ်။ သတင်းစာတွေ ဘာတွေ ထဲမှာ လဲ ခေတ္တတိုကျို၊ ခေတ္တစင်္ကာပူတို့ဆိုတာတွေ မကြာခဏ တွေ ့နေရတာ ပါပဲ။ မကြာ သေးခင် ကတော့ စာရေး တဲ့နေရာမှာ

ရှိသေလေးစားသူ ရှိသင့်သလောက်ရှိတဲ့ ဆရာ မကြီးတကြီး တစ်ဦးက လုပ်ချလိုက်ပြန်တယ်။ သူ့ကလောင်နာမည် အောက်မှာ (ခေတ္တ ပြင်ဦးလွင်) တဲ့။ သူ အမြဲ နေတာက ရန်ကုန်မှာ ပါ။ ဒီဆရာနယ် ဖြစ်မှ ဖြစ်ရလေလို့ ကျွန်တော် စိတ်နည်းနည်း ညစ်သွားတယ်။ အဲဒီ ခေတ္တကြီးကို ဘာကြောင့် ထည့်ရတာ လဲ။ ဒါထည့်တဲ့အတွက် သူ့ရေး တဲ့စာ ဘာအကျိုးသက် ရောက်မှု ထူးခြားမလဲ။ ယန်းပေါ်ဆက် ကတော့ နိဘယ်ဆုရှင်ဆိုတာကြီး သူ့ကလောင်နာမည် မှာ တွဲ ပါလာမှာ စိုးလို့ (အဲသလိုပါလာရင် စာဖတ်သူကို မလိုအပ်တဲ့ ဖိအားပေးမှု တွေ ဖြစ်မှာ စိုးလို့) နိဘယ်ဆုလက်ခံဖို့ ငြင်းခဲ့ပါတယ်။ အဲဒီ အချိန်က တော် တော် ပူတယ်။ ကျုပ်က ဒီလိုပူတဲ့အချိန်မှာ ပြင်ဦးလွင် သွားနေနိုင်တယ်လို့ ပြောချင်တာလား။ သူငွေတွေ မှ သွားနေနိုင်တာကိုး။ ကိုယ်ရေး တဲ့ စာဟာ ပြင်ဦးလွင်မှာ ရေး ရေး ၊ ငရဲကြီးရှစ်ထပ်မှာ ပဲရေး ရေး ၊ ဒါပဲ မဟုတ်လား။ ဘာထူးခြားသွားမလဲ။ အဲဒါဟာ စာနယ်ဇင်းကျင့်ဝတ် တစ်ခုဆိုရင်တော့ ကျွန်တော် လည်း မပြောတတ်တော့ဘူး။ သို့ သော် လည်းပေါ့လေ။

အင်း ဒီခေတ္တဆိုတာ ခေတ်စားနေတော့ ကိုယ်လည်း ထည့်ရကောင်းမလား။ ခနောင်တို အထက်နားကို ခေတ္တသွားလည်ပြီး (ခေတ္တ UK) ဆိုရင် မကောင်းဘူးလား။ ယူနိုက်တက်ကင်းအမ်း လို့ မသိတဲ့လူက ထင်မှာ ပဲ။ ကိုယ်က Upper ခနောင်တိုကိုပြောတာ။ ဒီထက်ဆန်းအောင် (ခေတ္တ - လူ့ပြည်) လို့ ထည့်ရကောင်းမလား။ အဲဒါဆိုလည်း မလိုတဲ့လူတွေ က ပြောကြဦးမယ်။ ဒီကောင်က လူ့ပြည်မှာ ခေတ္တပဲနေမှာ ။ မကြာမီ အပါယ်လေးဘုံ သွားတော့မယ့် အကောင်လို့၊ တကယ်တော့ (ခေတ္တ) ရတာ လည်း မလွယ်ဘူးခင်ဗျ။ ဒါကြောင့် ခေတ္တကိစ္စကို ခေတ္တရွှေ့ထားလိုက်ရတယ် ခင်ဗျာ။

•••

## ကွန်ပျူတာနှင့် သူ၏ ဒုက္ခများ

လူရှိရင် စွန့်ပစ်ပစ္စည်းရှိတာ ဓမ္မတာပါပဲ။ မြို့ တော် တစ်ခုခုမှာ နေ့စဉ်အမှု

က်တွေ ဟာ တန် ပေါင်းများ စွာ ထွက်ရှိနေတဲ့အတွက် အဲဒီ အမှိုက်တွေ ကို သိမ်းဆည်းစွန့်ပစ်ရေး ကလည်း တာဝန်ကြီး တစ်ခု ဖြစ်နေပါတယ် ခင်ဗျ။ မပျက်စီးလွယ်တဲ့ ကြွပ်ကြွပ်အိတ်အမှိုက်၊ ပလတ်စတစ် အမှိုက်တွေ အတွက် အခက်အခဲ ဖြစ်နေတဲ့အချိန်မှာ ထပ်ဆင့်ပြဿ နာ ပေါ်လာတာ ကတော့ "အီးအမှိုက်" ခင်ဗျ။ မစင်ကို ဆိုလိုခြင်း မဟုတ်ပါ။ (e) ဆိုတဲ့ အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းတွေ ရဲ့ အန္တရာယ် ခင်ဗျ။ ကမ္ဘာတစ်ဝန်းလုံး ရုပ်မြင်သံကြား၊ ဗွီစီဒီ၊ ဒီဗွီဒီ၊ ကွန်ပျူတာ၊ လက်ပ်တော့ စတာတွေ ကို အလုအယက် သုံးစွဲလာတဲ့အတွက် အဲဒီ လို အီလက်ထရောနစ် ပစ္စည်းတွေ ကထွက်တဲ့ ဟိုက်တက္က နိုလိုဂျီ အဆင့်မြင့် နည်းပညာစွန့်ပစ် အမှိုက်ဆိုပါတော့ဗျာ။ အဲဒါတွေ ဟာ ကမ္ဘာမှာ တစ်နေ့တစ်နေ့ အမှိုက်တန် (၄၀၀၀) ရှိတယ်လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့တွေ က ထုတ်ပြန်ထားပါတယ်။ အဲဒီ ပမာဏဟာ ဆင်ကောင်ရေ (၁၀၀၀) ရဲ့ အလေးချိန်နဲ့ ညီမျှတယ်တဲ့။ ခက်တာဟာ ယိုသမျှ ချေး ပုဆွန်ဆိတ်ခေါင်းစုသလို အဲဒီ ပြည်တွင် းပြည်ပ အမှု က်တွေ ဟာ တရုတ်ပြည်မှာ စုပုံနေတာပါ ပဲ။ အဆင့်မြင့်နည်းပညာမှာ တရုတ်ပြည်က တိုးတက်တာမှန်ပေမယ့် လူနေမှု အဆင့်က မမြင့်လှ သေးတော့ ဒီအဟောင်းပစ္စည်းတွေ ကို ဝယ်ယူပြုပြင် သုံးစွဲနေတဲ့အင်အားက ကြီးထွားနေတာ ဖော်ပြတာပါပဲ။ ကျွန်တော် တို့ဆီ ရွှေဘုံသာလမ်း ပလက်ဖောင်းပေါ်မှာ ရောင် းတတ်တဲ့ တိုလီမိုလီ အဟောင်းဆိုင်လေးတွေ လို အီးအမှိုက်ရောင် းတဲ့ဆိုင်တွေ ၊ အဲဒါတွေ ကို သုံးစွဲဖို့ ပြန်လည်ထုတ်လုပ် တဲ့ဆိုင်တွေ မှိုလိုပေါက်နေတယ်တဲ့။ ခက်တာက ဒီအီလက်ထရောနစ် စွန့်ပစ်ပစ္စည်းတွေ အဆိပ် သင့်နိုင်တဲ့အန္တရာယ် ရှိနေတာပဲ။ ခုကိစ္စကို တရုတ်ပြည်မှာ တော် တော် သတိပေးနေရပါပြီ။ အင်း ကွန်ပျူတာ ပေါ်လာတယ်ဆိုတော့ သူနဲ့ ပတ်သတ်တဲ့ နောက်ဆက်တွဲ ကောင်းကျ ုးဆိုးကျိုးတွေ ပေါ်လာတာ သဘာဝပေါ့လေ။ အခုကွန်ပျူတာ ပြန်ပေးသမားတွေ ပေါ်နေပြီတဲ့။ Hacker ခေါ်တဲ့ အဲဒီ ငနဲတွေ က အင်တာနက်သုံးစွဲနေတဲ့ သူတွေ ရဲ့ ကွန်ပျူတာထဲမှာ ရှိတဲ့ ဖိုင်တချို့ကို သုံးစွဲမရ အောင်(LOCK UP) လုပ်ပစ်လိုက်တာပဲ။ အဓိက သူတို့ပစ်မှတ် ကတော့ ကော်ပရေး ရှင်းကြီးတွေ ပဲ။ သူတို့ အီးမေးလ်ပို့တဲ့ လိပ်စာကို ငွေလွှဲပေးမှ အသုံးပြု လို့ရတဲ့ (Password) ကို ပို့လိုက်တယ်တဲ့။

ကွန်ပျူတာတွေ ကို အကြီးအကျယ် ဒုက္ခပေးခဲ့တဲ့ ကွန်ပျူတာဗိုင်းရပ်စ်ကလည်း အသစ် အဆန်းပေါ်ပြန်ပြီတဲ့။ ဒီတစ်ခါပေါ်တဲ့ဗိုင်းရပ်စ်က ကွန်ပျူတာဆော့ဖ်ဝဲကို ဖျက်ဆီးပစ်တာ မဟုတ် ဘူးတဲ့။ (သူတို့ ဘယ်လောက် လက်စောင်းထက်တယ်ဆိုတာ ပြချင်တဲ့ ပညာရှင်တွေ ရဲ့ ကျီစယ်မှု ဆိုရမလားပဲ။) အသံတစ်သံကို လွှင့်ထုတ်ပေးတယ်။ အဲဒီ အသံက လင်းနို့တွေ သာ ကြားပြီး အဲဒီ လင်းနို့တွေ ရဲ့ ဒေါသကို မခံမရပ်နိုင်အောင် နှိုးဆွပေးတယ်။ အဲဒီ အသံကြားတဲ့ လင်းနို့တွေ က ကွန်ပျူတာဖွင့်တဲ့ လူကို ဝိုင်းကိုက်ခဲတော့တာပဲ။ ကဲ ... မြန်မာပြည်က အသည်းငယ်တတ်တဲ့ ကွန်ပျူတာမမတွေ နဲ့ဆို ဒုက္ခပဲ။ ထပ်ပေါ်တာ ကတော့ ပိုတောင်ဆိုးသေးဗျာ။ အသံကြားရင် နွားလိုက်ဝှေ့တဲ့ ကွန်ပျူတာဗိုင်းရပ်စ် ခင်ဗျ။ သူတို့ဆီမှာ က လယ်ထဲမှာ လည်း ကွန်ပျူတာ သုံးနေကြ တာကိုး၊ တောင်သူလယ်သမားတွေ ကို ဒုက္ခပေးဖို့ ကြံတယ်ဆိုတော့ ဗိုင်းရပ်စ်ကို တီထွင်တဲ့ ငနဲ ဟာ ကွန်မြူနစ်ဆန့်ကျင်ရေး သမား ဖြစ်ပုံရတယ် ခင်ဗျ။

...

## အတွင်း းခံဘောင်းဘီ နောက်ဆက်တွဲ

ပြီးခဲ့တဲ့ ဇွန်လထုတ် ရတီမဂ္ဂဇင်းမှာ ကျွန်တော် ဝတ္ထုတစ်ပုဒ် ရေး လိုက်ပါတယ်။ ဝတ္ထုနာမည် က "အတွင်း းခံဘောင်းဘီ" တဲ့။ ဘာအကြောင်း ရေး ထားတာလဲဆိုတော့ ရှင်းပါတယ်။ "အတွင်း းခံဘောင်းဘီ" အကြောင်းပေါ့ခင်ဗျာ။ အဲဒီ မှာ ကျွန်တော် နဲ့ရင်းနှီးတဲ့သူတချို့ ပြစ်တင် စကားပြောကြတာပဲခင်ဗျ။ (မင်းကွာ ... ရေး စရာရှားလို့ အတွင်း းခံဘောင်းဘီ အကြောင်းမှ ရေး ရသလား) တဲ့။ ဒါတော့ မတရားဘူးပေါ့ ခင်ဗျာ။ ဒါနဲ့ ကျွန်တော် လည်း ဒီကိစ္စနဲ့ ပတ်သတ်ပြီး ဖြေရှင်း ချက်ပေးရတော့တယ်။ မအပ်မရာ နှိုင်းယှဉ်တယ်လို့တော့ ဆိုချင်ဆိုတော့ခင်ဗျ။ သူများ တွေ နန်းထိုက်တော် ဝင်တို့၊ ပန်းသဇင်တို့၊ နှင်းဆီတို့ရေး နေတဲ့အချိန်မှာ ဆရာဇော်ဂျီက အများ အလေး မထားတဲ့ အလေ့ကျ

ဗေဒါပန်းလေးအကြောင်း ရေး ပြတော့ ဝိုင်းချီးမွမ်းလိုက်ကြတာ။ အသေးအဖွဲလေးကို မြင်တတ်ရေး တတ်လိုက်တာလို့။ ဒီ ဗေဒါလမ်းကဗျာတွဲ တွေ ကတော့ အခုထိ ကျွန်တော် တို့ ဖတ်တုန်း၊ ကြိုက်တုန်းပါပဲ။ ဆရာကြီးဇေယျက လယ်ကန်သင်းရိုး ပက်ကြားအက်ထဲက ကန်စွန်းနွယ်လေး ရေး ပြတော့လည်း မြင်တတ်လိုက်တာလို့ ချီးမွမ်းကြတာပဲ။ ကျွန်တော် က အတွင်း းခံဘောင်းဘီအကြောင်း ဝတ္ထုရေး ပြတာကျမှ ဘယ်နှယ့်အပြစ်တင်ကြတာတုန်း။ မြင်တတ် လိုက်တာလို့ မပြောကြတာဘဲ တော် လှပြီထင်ပါရဲ့ ။

အဲဒီ မှာ ကျွန်တော် က မေးချင်တာတစ်ခုရှိ တယ်။ ဝတ္ထုဆိုတာ ဘယ်အကြောင်းကို ရေး ရ မယ်လို့ ကန့်သတ်ထားတဲ့ ဥပဒေများ ရှိသလား။ ဒါမှ မဟုတ် ဘယ်ဘုရားက ဟောခဲ့တာ ကြားဖူးသလဲ။ ခက်တယ်ခင်ဗျ။ ကျွန်တော် တို့ဆီမှာ တော့ အစဉ်အလာ ရှေးရိုးစွဲဝါဒီကြီးတွေ က သူတို့သြဇာ ရှိခိုက် ပြောခဲ့ဆိုခဲ့ကြတာတွေ ကို အစဉ်အဆက် အလွယ်တကူ လက်ခံလာခဲ့ကြတာတွေ က အမြစ် တွယ်နေတာမျိုး ရှိနေတာပဲ။ အဲဒါဟာ အနုပညာလွတ်လပ်ခွင့်မှာ အဟန့်အတားပဲ။ ဒီဝတ္ထုကို ကျွန်တော် ရေး ရခြင်းမှာ အဲဒီ အကြောင်းလည်း အဓိကနေရာက ပါတယ်။ စည်းမျဉ်းဘောင်တွေ မထားဘဲ (ဝတ္ထု တိုဆိုတာ ဘယ်လို ဖြစ်ရမယ်ဆိုတဲ့ စည်းမျဉ်းဘောင်ကိုသာ ဆိုလိုပါတယ်) လွတ်လပ်ရဲဝံ့စွာ ဖန်တီးချင်တဲ့စိတ် လူငယ်တွေ မှာ ဖွံ့ဖြိုး လာစေချင်တယ်။ အဲဒီ့ သဘောထားနဲ့ ပတ်သတ်ပြီး ဝတ္ထုတိုဂိုဏ်းတစ်ဂိုဏ်းတောင် ထူထောင်မယ်လို့ စိတ်ကူးတယ်။ ထူထောင် ဖြစ်ရင် အဲဒီ ဝတ္ထု ကို အမှတ်ရတဲ့အနေနဲ့ (အတွင်း းခံဘောင်းဘီဂိုဏ်း) လို့ နာမည် ပေးမယ်ဗျာ။ ကဲ မနိပ်ဘူး လား။ စည်းကမ်းချက် တစ်ခုတော့ ရှိတယ်။ အဲဒီ အဖွဲ့ဝင်တဲ့သူဟာ အတွင်း းခံဘောင်းဘီ မဝတ်ရဘူး။

နောက်ဆက်တွဲ က ဒီလောက်နဲ့ မပြီးသေးဘူးဗျ။ တလောက ဗြိတိန်နိုင်ငံက ထုတ်လိုက်တဲ့ သတင်းတစ်ခု ဖတ်လိုက်ရတယ်။ ဗြိတိန်နိုင်ငံ စစ်တပ်ကထုတ်တာ။ စစ်သား စစ်သမီးတွေ ယူနီ ဖောင်းချုပ်ဖို့ ကိုယ်အတိုင်းအတာ ယူတဲ့အခါ အားလုံး အတွင်း းခံဘောင်းဘီ ဝတ်ကြရမယ်တဲ့။ အရင် ကတော့ အတွင်း းခံဘောင်းဘီပါရင် အဝတ်အစား ကွက်တိအကိုက် မရနိုင်ဘူးဆို၊ ကိုယ်လုံး တီးတိုင်းတဲ့အလေ့ ရှိခဲ့တယ်။ အဲဒီ လို တိုင်းတဲ့အခါ

ရှက်ကြလို့တဲ့၊ တိကျတဲ့ကိုယ်တိုင်းကို မရနိုင်ဘူးတဲ့။ ဒါကြောင့် ခုလို အမိန့်ထုတ်တာတဲ့။အင်း ရှုပ်လည်းရှုပ်တဲ့ အတွင် းခံဘောင်းဘီကိစ္စ ဆိုပါတော့ ခင်ဗျာ။

•••

## နောက်ဆုံးပေါ် လမ်းလျှောက်နည်း

ကျွန်တော် တို့ဆီမှာ ဟမ်ဘာဂါ ရောဂါ အပြီးမှာ နောက်ထပ် ကူးစက်ခံခဲ့ရတဲ့ ရောဂါ ကတော့ ဒင်းဆမ်း ရောဂါ ပဲ ခင်ဗျ။ ဒီဘက်နှစ် ကာလတွေ အတွင် းမှာ ဒင်းဆမ်းကို စားသုံးသူဦးရေ တော် တော် တိုးတက် များ ပြားလာပါတယ်။ အရင်က စားသောက်ဆိုင်ကြီးတွေ မှာ သာ ရနိုင်တဲ့ ဒင်းဆမ်းကို ယခုဆို (ရန်ကုန်ထဲမှာ ) အလယ်အလတ်အဆင့်ရှိတဲ့ ကော်ဖီဆိုင်တွေ မှာ တောင် ဝယ်စားနေနိုင်ပါပြီ။ ပြဿ နာက ဒင်းဆမ်းမှာ ပါဝင်တဲ့ အဆီဓာတ်ဟာ အင်မတန်များ တာကြောင့် ပုံမှန်စားသုံးသူတွေ အဝလွန် ရောဂါ ရနိုင်တယ်ဆိုတဲ့ သတိပေးချက်ပဲ ခင်ဗျ။ နိုင်ငံတော် တော် များ များ မှာ ဝတာကို ရောဂါ တစ်ရပ်အနေနဲ့ သတ်မှတ်တိုက်ဖျက်နေကြတာ ကြာပါပြီ။ လူချင်းဆုံမိရင် (ဝလို့ လှလို့ပါလား) လို့ နှုတ်ဆက်တန်တဲ့ ကျွန်တော် တို့ဆီမှာ လည်း ဝတဲ့လူတွေ တစ်နေ့တခြား တိုးပွားနေတာ သိသာလာတယ် ခင်ဗျ။ စာနယ်ဇင်းနဲ့ ရုပ်မြင်သံကြား မီဒီယာအမျိုးမျိုးဟာ ဝတဲ့သူ ပိန်တဲ့ဆေးကြော်ငြာ၊ ပိန်အောင်လုပ်ပေးတဲ့ ကျန်းမာရေး အားကစားရုံ၊ အားကစားပစ္စည်းတွေ ကြော်ငြာနေရတာ မပြတ်တွေ ့နေရတာ ပဲ။ အမေရိကားမှာ တော့ ဝစေတဲ့အဆီနဲ့ ကယ်လိုရီတွေ ထုတ်ထားတဲ့ အစားအစာ သီးသန့်အရောင် းဆိုင်တွေ ပေါ်ထွက်နေတာကြာပါပြီ။ မကြာခင်က "အဝလွန်မှု ဟန့်တားရေး လှုပ်ရှားမှု " တစ်ခုမှာ သမ္မတဟောင်း ဘီလ်ကလင်တန် ကိုယ်တိုင်ပါဝင် လှုပ်ရှားခဲ့တယ်။ သူလည်း အဝလွန်လို့ နှလုံးခွဲစိတ်ကုသမှု ခံယူနေခဲ့ရတာ ကိုး။ အမိကက အမေရိကန်ကလေး ခြောက်ယောက် မှာ တစ်ယောက် ဟာ အဝလွန်နေတဲ့အတွက် အမေရိကန် နောက်မျိုး ဆက်ဟာ

မိဘထက်သားသမီးက အသက်ပိုတိုတဲ့ မျိုးဆက် ဖြစ်မယ့် အန္တရာယ်ပဲ၊ အစားအသောက်

ဆင်ခြင်ဖို့အပြင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလည်း လိုတယ်တဲ့။ အခု သူတို့ဆီမှာ ခေတ်စား နေတဲ့ ကိုယ်အလေးချိန် ချနည်း ကတော့ ကိုယ့်အိမ်မွေးတိရစ္ဆာန်နဲ့အတူ လမ်းလျှောက်ထွက်ခြင်းပဲ။ သူတို့ဆီမှာ လူတွေ သာမက အိမ်မွေးတိရစ္ဆာန်တွေ ကပါ ဝနေြ ကတော့ ဒီနည်းကို တစ်ချက်ခုတ် နှစ် ချက်ပြတ်နည်းလို့ ခေါ်ရင်လည်း ရမယ်ထင်ရပါတယ်။ "ခွေးကို ကြိုး ဆွဲလမ်းလျှောက်ထွက်၊ ပိန်ရေး သိပ်မခက်" ဆိုပါတော့ ခင်ဗျာ။ အဲ ...
ရှိမေးနီးယားနိုင်ငံ ရဲတပ်ဖွဲ့ ကတော့ ကြေညာချက် တစ်ရပ် မကြာခင်က ထုတ်ပြန်လိုက်တယ် ခင်ဗျ။ (ဝတဲ့လူတွေ ကို အလုပ်ဖြုတ်ပစ်မယ်) တဲ့။ ရဲချုပ် အသစ်က ရဲသားတွေ သူခိုးတွေ လောက် မြန်အောင် မပြေးနိုင်တဲ့အတွက် ဒီအမိန့်ထုတ်ရတယ်လို့ ဆိုပါတယ်။
ရှိမေးနီးယားမှာ ဆို ကိုချမ်းမင်းအိမ်တို့ အလုပ်ပြုတ်လောက်ပြီ ထင်ပါတယ်။

•••

## ဓါတ်ပုံဖိုး၏ ရာဇဝင်

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဟာ ကလေးရောလူကြီးပါ သဘောကျတဲ့ ရန်ကုန်မြို့ ရဲ့ ထင်ရှားတဲ့ အပန်းဖြေနေရာတစ်ခု ဖြစ်ပါတယ်။ သာယာကောင်းမွန်အောင် တိုးတက်ပြင်ဆင်နေတာလည်း တွေ့ရပါတယ်။ စျေးကွက်စီးပွားရေး ခေတ်နဲ့အညီ လူတွေ ကို လာချင်အောင် ဆွဲဆောင်တဲ့နည်း တွေ အသုံးပြုနေတာလည်း ထောက်ခံပါတယ်။ တလော ကတော့ တရိစ္ဆာန်ရုံမှာ မြွေတွေ နဲ့ အတူတွဲ ပြီး ဓါတ်ပုံရိုက်နိုင်ပြီလို့ ကြော်ငြာတယ်။ မြွေပွေး၊ မြွေဟောက်တွေ တော့ ဘယ်ဟုတ်မလဲဗျာ။ စပါးကြီးတို့၊ စပါးအုံးတို့လို မြွေကြီးတွေ ပေါ့။ ဓါတ်ပုံရိုက်ခက တစ်ပုံ ၂၅၀ ကျပ်တဲ့။ လွန်ခဲ့တဲ့ နှစ် အနည်း ငယ်အကြာက ဦးဝိစာရခန်းမမှာ ပွဲတစ်ပွဲကျင်းပစဉ် ကတော့ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ နဲ့ ဓါတ်ပုံတွဲ ရိုက်တဲ့ အစီအစဉ်တစ်ခု ထည့်သွင်းထားတာ လူတော် တော် စည်တယ်တဲ့။ ဘယ်သူနဲ့တွဲ ရိုက်ရိုက်

၃၀၀ တဲ့။ တင့်တင့်ထွန်းလည်း ၃၀၀၊ မျိုးသန္တာထွန်းလည်း ၃၀၀ ပဲ၊ ကိုကြွက်တို့ဆို တစ်ခါ တည်း ထောင့်ငါးရာဖိုးတောင် ရိုက်လာတယ်တဲ့။ ဘယ်သူတွေ နဲ့ ရိုက်ခဲ့တယ်ဆိုတာ သူ့သာလက်တို့ မေးကြည့်ပေတော့။ မြွေမကြောက်၊ ကင်းမကြောက်ဆိုရင်တော့ တရိစ္ဆာန်ရုံသွား ဓါတ်ပုံ တစ်ပုံ လောက် ရိုက်သင့်တာပေါ့။ မင်းသမီးနဲ့ တွဲ ရိုက်တာထက် ၅၀ တောင် သက်သာသေးတာပဲနော်။

•••

## ဖိနပ်ကြိုး ရုပ်ရှင်တစ်ကား

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ (၃-၇-၀၅) က၊ ပွားကြီးရဲ့ ပွားမှု ကြောင့် သမ္မတရုပ်ရှင်ရုံမှာ အထူးပွဲပြတဲ့ ဘီလူးနဲကို ကြည့်လိုက်ရတယ်ခင်ဗျ။ သိကြတဲ့အတိုင်း ဒီကနေ့ စူပါခေါ်နေကြတဲ့ အကြည်တော် ဝတ္တုပေါ့။ အဓိကဇာတ်လိုက်က ဗေလုဝပေါ့ခင်ဗျာ။ လွင်မင်းက နွားစာခွက်ထဲမှာ ရေစိမ်ခိုင်းခဲ့တဲ့ (ဟိုက်တီး) ဗေလုဝပေါ့ ခင်ဗျာ။ တကယ်တော့ ဒီကားရိုက်တုန်းက အဲ့ဒီကြော်ငြာ မရိုက်ရသေးပါဘူး။ စွန့်စွန့်စားစား ရုပ်ရှင်ဇာတ်ကား တစ်ကားမှာ အဓိကဇာတ်လိုက်အ ဖြစ် ခေါ်သုံး ရဲတဲ့ ပွားကြီးရဲ့ သတ္တိကို ချီးကျူး ရမယ် ထင်ပါတယ်။ ဒါဟာ ဒီနေ့ အကျပ်အတည်း ကြုံနေတဲ့ မြန်မာရုပ်ရှင်တွေ အတွက် ထွက်ပေါက်တစ်ခုလည်း ဖြစ်နိုင်ပါတယ်။ ယနေ့ မြန်မာရုပ်ရှင်ကား တစ်ကားရဲ့ သာမန်ကုန်ကျစရိတ်ဟာ (နာမည် ကြီး မင်းသား မင်းသမီးတွေ နဲ့ဆိုရင်) အနည်းဆုံး သိန်း (၇၀၀) ပတ်ဝန်းကျင် ရှိပါတယ်။ လျှို့ ဝှက်သော နှင်းတို့ ကျန်စစ်မင်းတို့လို ကားမျိုးဆိုရင် သိန်း (၁၅၀၀) အထက် ကုန်ကျပါတယ်။ ဒီငွေကို ပြန်ရှာဖို့ဆိုတာ မလွယ်ပါဘူး။

ဒီတော့ ဒီနေ့ပွားကြီးရိုက်တဲ့ "ဘီလူး" လို ဇာတ်ကားမျိုး (ခန့်မှန်းခြေ သိန်းသုံးရာ ပျော့ပျော့ ပဲ ကုန်ပါလိမ့်မယ်) မြန်ကောင်းသက်သာ ဇာတ်ကားမျိုး သာ ပေါက်ခဲ့ရင် (ရှေ့က မောင်စိန်သော င်း ရဲ့ ဓါတ်ခဲကလည်း ငွေတွေ လိမ့်ယူသွားတာ ရှိလေတော့)

မြန်မာရုပ်ရှင်ဇာတ်ကားတွေ အသက်ရှူချောင်စရာရှိလာတာပေါ့။ ဒီလိုကားမျိုးကို သူတို့ဆီမှာ တော့ (Shoe string movies) လို့ ခေါ်ပါ တယ်တဲ့။အရမ်း ဘာသာပြန်ရရင်တော့ "ဖိနပ်ကြိုး ရုပ်ရှင်" ပေါ့ခင်ဗျ။ အယ်ဒီတာချုပ်လို ဘောင်းဘီ အမြဲဝတ်တဲ့လူတွေ သိပါတယ်။ ရှူး ဖိနပ်စီးတဲ့အခါ ရှူး ဖိနပ်စီးတဲ့ကြိုး ဟာ မရှိမ ဖြစ်ဘူး ခင်ဗျ။ ဒီကြိုး ကို ဖိနပ်ဆိုင်တွေ မှာ အလွယ်တကူ ဝယ်လို့ရပါတယ်။ ဈေးကပေါပေါ့။ ဒါပေမယ့် သဲကြိုး မရှိရင် ဖိနပ်စီးမရဘူး။ ဒီတော့ ဆိုချင်တဲ့ အဓိပ္ပါယ်က (Shoe string movies) ဆိုတာ "အဖိုးနည်း ဝန်ပါ" ရုပ်ရှင်တွေ ပေါ့ဗျာ။ ဘီလူးဟာ ဒီလိုကားမျိုးပါပဲ။ (ကြော်ငြာခကိုတော့ အောင်ကျော်ဇော ရုပ်ရှင်ဖြန့်ချီရေး ကပဲ ပေးပေး၊ တော် ဝင်မြို့ မ စာအုပ်တိုက်ကပဲ ပေးပေး စိတ် မဆိုးပါဘူး။) ပွားကြီးထုံးစံအတိုင်း ခပ်ပေါ့ပေါ့ လုပ်လိုက်တာလေးတွေ လည်း ပါတယ်။ ဘာပဲ ဖြစ် ဖြစ် မူရင်း Plot ကောင်းတော့ ရယ်ရတယ်။ လူရွှင်တော် စုံအောင် ကြည့်ရတယ်။ ဗေလုဝကလည်း သူ့နေရာသူ နိုင်တယ်။ အိုဗာအက်တင် ဖြစ်နေတာ ကတော့ ဟာသကားတို့ ထုံးစံကိုး။ ဒီလိုပဲ လုပ်ရ မှာ ပေါ့။ ဒါပေမယ့် သူ့ Gesture (လက်ခြေလှုပ်ရှားမှု ) က Quick motion နဲ့ ပြသလို ဖြစ်နေတာတော့ နောက်ပိုင်းမှာ ပြင်သင့်တယ်။ ဘာပဲပြောပြော မြန်မာ့ရုပ်ရှင်သမိုင်းမှာ တော့ ဗေလုဝဟာ နံပါတ်တစ် ဖြစ်သွားပြီ။ ဖြစ်ပုံကဒီလိုပါ။ ကျော်ဆွေတို့၊ မြင့်အောင်တို့၊ ခင်မောင်ဇင်တို့ ခေတ်စားနေတုန်း ရတ်တရတ် မြတ်လေးဆိုတဲ့ မင်းသားပေါ်လာတော့ မြတ်လေးကို ရုပ်ရှင်ကြည့်သူတွေ က "အရုပ်ဆိုးဆုံးမင်းသား နံပါတ်တစ်" ဘွဲ့ပေးခဲ့ကြတယ်။ နောက် ဒါရိုက်တာ ဆရာဦးသာဓုက "ဧည့်သည်" ဆိုတဲ့ဇာတ်ကားမှာ ကိုယ်တိုင်မင်းသားလုပ်တော့ မြတ်လေးလည်း သူ့ဘွဲ့ကို ဦးသာဓု ကို ပေးလိုက်ရတယ်။ အခုတော့ ဒီနေရာအတွက် ဦးသာဓုလည်း ဗေလုဝကို ဖယ်ပေးလိုက်ရတယ်။ ဗေလုဝနေရာကို လုမယ့်လူများ ရှိသေးသလား။

•••

တဆက်တည်းပဲ ရုပ်ရှင်အကြောင်း ပြောချင်တယ်ခင်ဗျ။ ကိုလိုနီခေတ်လွန်ကာလက ကျွန်တော် တို့ မြန်မာပြည်မှာ ကပြားမဟုတ် ဘာမဟုတ် တော်မီတွေ ၊ ကျော်နီတွေ ၊ မေရီတွေ ခေတ်စားခဲ့တာ မှတ်မိပါတယ်။ အခု ကျွန်တော် တို့ မြန်မာရုပ်ရှင်တွေ မှာ လည်း "ဘို" လိုနာမည် ပေးတာတွေ ခေတ်စားလာတယ် ခင်ဗျ။ Mystery of Snow (လျှို့ ဝှက်သော နှင်း)၊ ချစ်ခြင်းငယ် ပြိုင် (True Love) အစရှိသည်ဖြင့်ပေါ့ဗျာ။ ဒါ ကတော့ ကိုလိုနီအငွေ့အသက် မဟုတ်ပါဘူး ခင်ဗျ။ နိုင်ငံတကာကို ဝင်ဆံ့ဖို့ ပထမခြေလှမ်းဆိုပါတော့။ (ကျွန်တော် တို့ မဂ္ဂဇင်း ဂျာနယ်တွေ နာမည် ကို ခပ်တည်တည်နဲ့ ဘိုလိုကြိတ်နေကြတာ သူတို့ထက်စောပါတယ်။) အရင်က ကုလားကား (ရုပ်ရှင်) တွေ ၊ တရုတ်ကားတွေ သာ ဒီလို အင်္ဂလိပ်နာမည် ပေးခဲ့တော့ တချို့ က သူတို့နောက်လိုက်တာလားလို့ မေးကြတယ်။ ဒါကိုတော့ မျိုးချစ်စိတ်နဲ့ ကျွန်တော် ပြင်းပြင်းထန်ထန် ငြင်းဆန်ပါတယ်။ ဘာ ဖြစ်လို့လဲတော့ ကျွန်တော် တို့ မြန်မာရုပ်ရှင်တွေ ပေါ်ဦးစကတည်းက အင်္ဂလိပ်လိုနာမည် ပေးခဲ့တဲ့ ဓလေ့က ထွန်းကားပြီးသား ဖြစ်ခဲ့လို့ပါပဲ။ အဲဒီ တုန်း ကတော့ ရုပ်ရှင်လို့ မခေါ်သေးဘူး ခင်ဗျ။ ဘယ်လိုခေါ်သလဲ ဆိုတော့ " ဘိုင်စကုတ်" တဲ့။ မြန်မာရုပ်ရှင်သမိုင်းကို လေ့လာဖူးသူတိုင်း အဲဒီ ခေတ်အခါက အစောဆုံးပေါ်ခဲ့တဲ့ ဘိုင်စကုတ် "မေတ္တာနဲ့ သူရာ"ကို သိကြမှာ ပဲ။ အဲဒီ ကားရဲ့ အင်္ဂလိပ်အမည် က (Love & Liquor) တဲ့။ နောက်ရိုက်တဲ့ "ကျေးတောသူ မနု" ဇာတ်ကားကျတော့ (Ma Nu, A Village Girl) တဲ့။ "တောမြိုင်စွန်းက လွမ်းအောင်ဖန်" (Echo From The Wind) တဲ့။ ကဲ မပိုင်ပေဘူးလား ခင်ဗျ။

မြန်မာတွေ အင်္ဂလိပ်လို တက်တယ်ဆိုတာ အဲဒီ ကတည်းက ဇာတိပြခဲ့ကြတာခင်ဗျ။ ၁၉၂၀ ခုနှစ် လောက်မှာ ရုပ်ရှင်ဆင်ဆာအဖွဲ့ ပေါ်ပေါက်လာတယ်။ အဲဒီ တုန်းက စီလီဘရတီ (Celebrity) တွေ ဖြစ်တဲ့ (မြို့ မျက်နှာဖုံးတွေ ဆိုပါတော့) အခွန်ဝန် ဦးဖိုးစီ၊ မြန်မာ့အလင်း ဦးစိန်၊ သူရိယ ဦးဘကလေး၊ ဝတ်လုံတော် ရ ဒေါ်ဖွားမှီတို့ ပါဝင်ကြတယ်။ အဲဒီ တုန်းက ဘိုင်စကုတ်လောကသားတွေ က သူတို့အဖွဲ့ကို "ဘိုးတော်ဆင်ဆာ" လို့ တညီတညွတ်တည်း ခေါ်ကြတယ်တဲ့။ ခင်ဗျား သဘော မပေါက်ဘူးလား။ (Board of Censors) ဘုတ်အော့ ဆင်ဆာကို မပီမသခေါ်ကြရာက ဒီနာမည် တွင်

သွားတယ်တဲ့။ မဟာသာကီတွေ ပဲ ဒီလောက်လေးတော့ လွဲမှာ ပေါ့ခင်ဗျ။ အဲဒီ တုန်းက အေဝမ်း ဖလင်း၊ ဗြိတိသျှဘားမားဖလင်း စသဖြင့် ရုပ်ရှင်ကုမ္ပဏီကြီးတွေ ရှိကြတယ်။ အဲဒီ ကစပြီး ရုပ်ရှင် (Film) ကို ဖလင်းလို့ အသံထွက်လိုက်တာ အခုထိ ပြင်မရဘဲ သေရာပါ ဖြစ်နေပါလေရော ခင်ဗျာ။ ဒီတော့ Film ကို မင်းရော ဘယ်လိုအသံထွက်လဲ မေးတော့ "ဤ" ကို "ကွဲ" ဖတ်လာကြတာပဲ။ အများ ညီရင် ပြီးရောပေါ့လို့ သဘောထားပါတယ်။ ဖလင်းဆိုရင်လည်း ဖလင်းလိုက်ကြတာပေါ့ ခင်ဗျာ။

•••

## Person of the Week

ပြီးခဲ့တဲ့အပတ်က ထွက်သမျှဂျာနယ်တွေ မှာ သူမပါရင် မပြီးတဲ့ သူ တစ်ယောက် ရှိတယ် ခင်ဗျ။ အဲဒီ လူက အများ ကြိုက် အနုပညာလောကထဲ (ရုပ်ရှင်၊ ပြဇာတ်၊ ဂီတထဲ) က သူမဟုတ်တာ လည်း ထူးခြားတယ် ခင်ဗျ။ Celebrity မဟုတ်တဲ့ သာမန်အရပ်သူ အရပ်သား တစ်ယောက် ကို မီဒီယာတွေ က ဒီလောက် အရေး ပေးတာ ကတော့ ကြုံတောင့်ကြုံခဲကိစ္စ ဆိုရမှာ ပါပဲ။ အဲဒါ ကတော့ နေရင်းထိုင်ရင်း ယောက်ျားဘဝကို ကူး ပြောင်းသွား တယ်ဆိုတဲ့ မသင်းစန္ဒာ တစ် ဖြစ်လဲ မောင်သန်းစိန် အ ဖြစ်အပျက်ပါပဲ ခင်ဗျ။ အပြင်မှာ တော့ သတင်း ဖြစ်နေတာ ကြာပြီပေါ့။ လက်မြန် ခြေမြန် ကောင်းသတင်းဂျာနယ်က ရောင် စုံဓါတ်ပုံတွေ နဲ့ စုံစုံလင်လင် ထည့်လိုက်တော့ အဲဒီ ဂျာနယ် ဝယ်လို့မရအောင် ဖြစ်သွားတယ်။ အဲဒီ သတင်းပါတဲ့ အလယ်စာမျက်နှာကို မိတ္တူကူးပြီး ကျပ် ၁၀၀ နဲ့ ရောင် းတာတောင် ဝယ်ဖတ်ကြတယ်။ နောက်တော့ အင်တာဗျူး ၊ ခေတ်မြန်မာ စသဖြင့် ဂျာနယ်တွေ မှာ ပါလာတော့တာပါပဲ။ တွတ်ပီတို့ကတောင် ခေတ်မမီဘူး ထင်မှာ စိုးလို့ တတိုင်းမွှေးကာတွန်းဂျာနယ်ထဲ ထည့်လိုက်သေးတယ်။ ကောင်းပါတယ် ကိုဆွေမင်းရယ်။ ကလေး တွေ ဗဟုသုတ ရတာ ပေါ့။ ဟော ပေါ်ပြူလာကဆို ပိုက်ဆံရတဲ့

နောက်ဖုံးကြော်ငြာကို ဖြုတ်ပြီး နောက်မျက်နှာဖုံးမှာ ကို အရောင် တွေ စုံစုံလင်လင်နဲ့ ဖော်ပြလိုက်တယ် ခင်ဗျ။ အယ်ဒီတာ တစ်ဖွဲ့ လုံးကလည်း ဝိုင်းရေး ကြဲတော့ တဝကြီး ဖတ်ရတာ ပေါ့ခင်ဗျာ။ M.S.O တို့ရဲ့ စာဖတ်သူဂျာနယ်များ ထွက်နေရင် သူ့ကိုပဲ Personal of the week "သီတင်းပတ်လူသား" အ ဖြစ်ရွေးချယ် တင်ပြရလိမ့် မယ် ထင်တယ်ခင်ဗျ။

ပျော်စရာလေးပါပဲ။ ပျင်းနေတဲ့ သူတွေ လည်း စိတ်ဝင်စားစရာလေး တစ်ခုရ၊ အားနေတဲ့သူ တွေ ကလည်း လှိုင်သာယာကို အရှင်လတ်လတ် မြင်ရအောင် သွားကြည့်ကြ။ အာရုံ အပြောင်း အလဲလေးလည်း ဖြစ်တာပေါ့ခင်ဗျာ။ လောကကြီးက ဆန်းကြယ်တယ်။ ဘောက်ဖက်ကတောင် လိပ်ပြာ ဖြစ်သေးတာပဲ။ ဒါဟာ ရုပ်ဝတ္ထုကြီးရဲ့ ဖောက်ပြန်မှု တစ်ခု (ခြွင်းချက်တစ်ခု) ပဲဆိုပါတော့။ မ ဖြစ်နိုင်တာ ဖြစ်တာတော့ မဟုတ်ပါဘူး။ ဘုရားရှင် လက်ထက်ကလည်း ရှိခဲ့ဖူးပါတယ်။ မောင်ပစ္စကလေ အင်မတန် ကြည်ညိုဖွယ်ကောင်းတဲ့ ရဟန္တာရှင် မဟာကစ္စည်းကိုယ်တော် မြတ်ကိုစိတ်နဲ့ ပစ်မှား းမိတာကြောင့် "ဖုန်းကညာတစ်ပါး၊ လုံးရာကပြား" သွားတာ။ အခုအ ဖြစ်နဲ့တော့ ပြောင်းပြန်ပေါ့။ အခု "ထားကညာတန္တုန်း၊ ပြားရာကလုံး" သွားတော့၊ မြို့ နယ်က တာဝန်ရှိသူတွေ လည်းမနေရ၊ ဂေါပကလူကြီးတွေ လည်း မနေရ။ စာပေနဲ့ စာနယ်ဇင်း (လှိုင်သာယာ) အဖွဲ့တွေ လည်းမနေရ။ (ဟုတ်တယ် မဟုတ်လား ကိုဖုန်းမြင့်သိန်းရေ)။ ကျန်းမာရေး ဦးစီးဌာနနဲ့ ဆရာဝန် ကြီးတွေ လည်း မနေရ။ သန်းခေါင်စာရင်းနဲ့ မှတ်ပုံတင်ဌာနလည်း မနေရ။ ဗဲရီးဘီးဇီး ဖြစ်ကုန်ပါ တယ်။ ဂျာနယ်ဝယ်ရခက်လို့ မကြည့်မဖတ်လိုက်ရတဲ့ လူတွေ ကလည်း မပူကြပါနဲ့၊ မြဝတီက "လျှပ်တပြက်ရိုက်ချက်" လာတော့မှ တဝကြီး ကြည့်ကြပေတော့ဗျာ။

•••

## အရေး ပေါ်ပြသနာ ဖြေရှင်းပုံ

သမုဒ္ဒရာ ဝမ်းတစ်ထွာတဲ့။ လူတွေ ရှာဖွေလုပ်ကိုင် စားသောက်ကြပုံတွေ

စိတ်ဝင်စားစရာ အင်မတန်ကောင်းပါတယ်။ နိုင်ငံခြားက တိရစ္ဆာန်ရုံတစ်ရုံဟာ ကလေးတွေ ကိုသာ အဓိကထား ပြသတယ်တဲ့။ ကလေးမပါလာတဲ့ လူကြီးတွေ ကို ရုံထဲဝင်ခွင့်မပြုဘူးတဲ့၊ အဲဒီ ကိစ္စကို အဆင်ပြေ သွားအောင် လာဘ်မြင်တဲ့ လူတစ်ချို့က အပေါက်ကစောင့်ပြီး ကလေးမပါတဲ့ တိရစ္ဆာန်ရုံထဲ ဝင် ကြည့်ချင်တဲ့ လူကြီးတွေ ကို အခကြေးငွေနဲ့ ကလေးငှားတယ်တဲ့။ အထဲက ပြန်ထွက်လာရင် ငှားထားတဲ့ကလေး ပြန်အပ်ခဲ့ရုံပဲပေါ့။ အဲဒီ လို ထူးထူးဆန်းဆန်း ငှားရမ်းတာနဲ့ ပတ်သတ်ပြီး စဉ်းစားမိ တာတစ်ခု ရှိတာ ပြောချင်ပါတယ်။

...

## ဝါးနေသူများ အကြောင်း

ခရီးသည်တင်ကားပေါ်ကနေ ကွမ်းတံတွေ း စည်းကမ်းမဲ့ ထွေးသူတွေ ကို အရေး ယူ ဒဏ်ငွေ တပ်မယ်လို့ ကြေညာထားတာ တွေ ့လိုက်ရတယ်ခင်ဗျ၊ ကျွန်တော် ကိုယ်တိုင် ကားပေါ်က ကွမ်း တံတွေ း ထွေးသွားတာ ခံရပြီး အင်္ကျီတွေ ပေကုန်တဲ့အတွက် နှစ် ကြိမ် သုံးကြိမ် ဒုက္ခရောက်ဖူး ပါတယ်။ တစ်ခါ ကတော့ မတ်တတ်ရပ် စကားပြောရင်း ကွမ်းစားနေတဲ့ လူတစ်ဦးက နောက်ကို လှည့်မကြည့်ဘဲ၊ နောက်ပြန်လှည့်ထွေးလိုက်တာ ခံရတာ ပဲ ခင်ဗျ၊ အင်္ကျီရင်ဘတ် တစ်ခုလုံး ပေပွ သွားပါတယ်။ ဒါဟာ ရိုးရာဓလေ့ဆိုလည်း ထွေးခံကလေးအနားမှာ ချထားပြီး အိမ်ထဲမှာ လည်း ထိန်းသိမ်းသင့်တဲ့ ဓလေ့လို့ထင်ပါတယ်။ အခုတော့ မြင်မြင်သမျှ နံရံနဲ့ ပလက်ဖောင်းပေါ်မှာ မြင် မကောင်းအောင် ပေနေတဲ့ ကွမ်းတံတွေ းတွေ တွေ ့နေပါတယ်။ အများ သုံး အိမ်သာတွေ မှာ တောင် အပေါ့စွန့်ရင်း ကြွေခွက်ထဲ ထွေးထွေးသွားတတ်လို့ ကွမ်းတံတွေ းမထွေးဖို့ စာရေး ကပ်ထားတာ တွေ ့နေပါတယ်။ ကြာတော့ကြာပြီ မန္တလေးဈေးချိုသစ်ကြီး ဆောက်ပြီးစ၊ ကျွန်တော် ရောက်တော့ ကွမ်းတံတွေ းထွေးရင် ဒဏ်ငွေငါးရာ ရိုက်မယ်လို့ စာရေး ကပ်ထားတာ တွေ ့ခဲ့ဖူးတယ်။ ရန်ကုန်က ရုပ်ရှင်ရုံထဲမှာ တော့ ကွမ်းစားနေသူတွေ ကို ရုံဝန်ထမ်းတွေ က ကွမ်းတံတွေ

းထွေးဖို့ ကြွပ်ကြွပ်အိတ် ကလေးတွေ ကို လိုက်ဝေပေးနေတာ တွေ့ရပါတယ်။ တော် တော်
ဒုက္ခပေးတဲ့ ကိစ္စခင်ဗျ။ လွန်ခဲ့တဲ့ နှစ် နှစ် သုံးနှစ် က ထင်ပါတယ်။ ရန်ကုန်မှာ ကွမ်းမရောင်
းရလို့ ပိတ်ပင်လိုက်ဖူးပါတယ်။ အခုတော့ လည်း လျှို့လျှို့ဝှက်ဝှက်ရောင် းကြရာကနေ
ပေါ်ပေါ်ထင်ထင် ပြန်ရောင် းနေကြတာတွေ့ရတယ်။ သူတို့နိုင်ငံမှာ ကျွန်တော်
တို့ဆီကကွမ်းလိုပဲ ဒုက္ခပေးနေတဲ့ အရာ ကတော့၊ ပီကေ ဖြစ်ပါတယ်ခင်ဗျ။
ပီကေထွေးဖတ်တွေ ဟာ ဟိုကပ်ဒီကပ်နဲ့ လူတွေ ကို အတော် ကသိကအောက် ဖြစ်စေလို့
စင်္ကာပူ နိုင်ငံမှာ ပီကေတင်သွင်းရောင် းချခွင့်ကို ပိတ်ပင်ထားပါတယ်။ နိုင်ငံခြားခရီးသည်က
ယူဆောင်လာ တာတွေ့ရင်လည်း ပီကေကို လေဆိပ်မှာ ပဲ သိမ်းထားလိုက်ပါတယ်။
ပီကေများ ဘယ်လောက် ဒုက္ခ ပေးသလဲဆိုရင် လန်ဒန်မှာ မကြာသေးခင်က "ဗြိတိသျှ
နိုင်ငံလုံးဆိုင်ရာ ပီကေအစည်းအဝေးကြီး" ကျင်းပပြီး ပီကေရန်ကို ဘယ်လိုကာကွယ်ကြမလဲ
ဆွေးနွေးတိုင်ပင်ကြတယ်တဲ့။ အမိက ကတော့ ပီကေခွန်ကောက်ဖို့
သဘောတူလိုက်ကြတယ်တဲ့။ လန်ဒန်တစ်မြို့တည်းမှာ တင် ပီကေအမှိုက် ရှင်း
လင်းသိမ်းဆည်းရတဲ့ ကုန်ကျစရိတ်ဟာ တစ်နှစ် မှာ ဒေါ်လာ လေးသန်းလောက်
ကုန်ကျတယ်တဲ့။

ပီကေစားသူတွေ ရော ကွမ်းစားသူတွေ ရော တူညီတာတစ်ခုရှိတယ်။ အဲဒါ
ကတော့ ဒီလို (ဝါး) နေရတာ ကို အလေ့အထတစ်ခုလို စွဲလန်းနေမှု ပါပဲ။ ဒါ ကတော့ စိတ်
ရောဂါ အထူးကု ဆရာဝန် တွေ နဲ့ ပြသတိုင်ပင်မှ ပြီးမြောက်မယ့်ကိစ္စပဲ။ ကျုပ်တို့က
ပါးစပ်တွေ "အား" "အား" နေလို့ပါလို့ ဆင်ခြင်ပေးလာသူတွေ အတွက်တော့
ပါးစပ်မအားရအောင် ပီကေတွေ ကွမ်းတွေ ဝါးနေမယ့် အစား အတင်းပြောတဲ့ဝါသနာကို
တစ်ဖက်လှည့်ပြီး ပျိုးထောင်ကြည့်ပါလားလို့ အကြံပေးချင်ပါ တယ်။ ထပ်အကြံပေးချင်တာက
"အတင်း မပြောတတ်ဘူး" ဆိုရင် သင်တန်းကြေးလည်း အကုန် မခံချင်ရင် ဖြု
တ်စဗျင်းတောင်းရီဗျူး ကိုသာ အပတ်စဉ် စောင့်ဖတ်ကြပါလို့။

•••

# ခြင်ဠိကာ

အင်းဆက်ဆိုတဲ့ သတ္တဝါတွေ ဟာ ကမ္ဘာပေါ်မှာ လူထက်အရင် ပေါ်ထွန်းခဲ့တဲ့ သတ္တဝါတွေ ဖြစ်ပါတယ်။ သူတို့နောက်မှ ပေါ်ထွန်းလာတဲ့ ဒိုင်နိုဆောလို သတ္တဝါကြီးတွေ မျိုးတုံးပျောက်ကွယ် သွားပေမယ့် သူတို့ ကတော့ နှစ် ပေါင်းသန်းနဲ့ချီပြီး အောင်ပွဲခံဆဲ ဖြစ်ပါတယ်။ တချို့ အင်းဆက်တွေ ဟာ သဘာဝကမ္ဘာကြီးနဲ့ လူ့အဖွဲ့အစည်းကို အကျိုးပြု သင့်သလောက် ပြုပါတယ်။ ဒီထဲက အကျိုး မပြုဘဲ ဒုက္ခအပေးဆုံး သတ္တဝါ ကတော့ "ခြင်" ပဲ ဖြစ်ပါတယ်။ ကလေးတွေ အတွက် သွေးလွန်တုပ်ကွေး (အရင်က ၁၂နှစ် အောက် ကလေးတွေ ပဲ ဖြစ်တယ်ဆိုပေမယ့်၊ တလောက သတင်းတစ်ပုဒ်ထဲ မှာ တော့ အသက် ၇၀ အရွယ်အထိ သွေးလွန်တုပ်ကွေး ဖြစ်နိုင်တယ်လို့ ဆိုပါတယ်) လူကြီးတွေ အတွက် ငှက်ဖျား ရောဂါ တွေ ကို ပင်တိုင်ဖြန့်ဖြူး ပေးနေတာက "ခြင်" တွေ ပဲ ဖြစ်ပါတယ်။ မကြာမီက ဗဟိုငှက်ဖျားတိုက်ဖျက်ရေး ရဲ့ ကြေညာချက်အရ မြန်မာနိုင်ငံရဲ့ ၂၈၄ မြို့ နယ်မှာ ငှက်ဖျားပြဿ နာ အမှန်တကယ် ဖြစ်ပွားနေတယ်လို့ ဆိုပါတယ်။ ဒီအခြေအနေက တစ်ဝက်လျော့ကျသွားအောင် Global Fund က ငွေကြေးနဲ့ WHO က နည်းပညာကူညီမယ်လို့ ပြောဆိုတာလဲ ကြားလိုက်ရ တယ်။ ငှက်ဖျားဆိုးဝါးတဲ့ ဒေသတွေ မှာ ယူနီဆက်က ဆေးစိမ်ခြင်ထောင်တွေ အခမဲ့ဝေပေးနေတယ်လို့ ဆိုပါတယ်။ ဆေးစိမ်ခြင်ထောင်သုံးစွဲရေး လဲ လှုံ့ဆော်နေတယ်လို့ ပြောတယ်။ ကိုကင်းတို့ အုပ်စု တီဗီမှာ ဒီခြင်ထောင် ကြော်ငြာတာလည်း တွေ့လိုက်ရတယ်။ တချို့ကလည်း ခြင်ထောင် ထောင်အိပ်မှ ဆေးစိမ်စရာလိုသေးလား မေးကြတယ်။

အဓိကပြဿ နာ ကတော့ ဒီခြင်အန္တရာယ် ကာကွယ်ရေး ပဲခင်ဗျ။ ရုပ်မြင်သံကြားမှာ ခြင်ဆေး ခွေအမျိုးမျိုး ကြော်ငြာနေတာ မြင်ရခြင်းအားဖြင့် ဒီကိစ္စကို ပေါ့သေးသေး သဘောမထားကြမှန်း သိသာပါတယ်။ ဒါပေမယ့် ခြင်ဆေးခွေ သုံးတဲ့နေရာမှာ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့အန္တရာယ်က လည်း မသေးတာ သတိထားကြဖို့လိုပါတယ်။

မကြာခင်ကပဲ တစ်နေရာမှာ ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူတွေ က၊ အမြဲတမ်း ရှူ ရှိုက်နေခြင်းအားဖြင့် အသက်ရှုလမ်းကြောင်း တစ်လျှောက် ရောဂါ ဖြစ်ပွားနိုင်ကြောင်း သတိပေးပြောဆိုတာ ဖတ်လိုက်ရတယ်။ အမှန်တော့ ဒီအငွေ့က ဆေးလိပ်ငွေ့ထက် ပိုဆိုးပါတယ်။ ဒါကြောင့် ခြင်ကိုက်မှာ ကြောက်တဲ့ လူတချို့ က စပရေး ဘူးတွေ သုံးကြတယ်။ သူလည်း အနံ့အသက်ဆိုးတာပါပဲ၊ ပြီးတော့ ဆေးဖြန်းကာစပဲ ခြင်ပြေးတယ်။ နောက် တော့ ခြင်မကိုက်အောင် လူ့ခန္ဓာကိုယ်မှာ သုတ်လိမ်းတဲ့ အရည်ကို အသုံးပြုကြပါတယ်။ ဒါက လည်း ရေရှည်မှာ အရည်ပြားကင်ဆာ ဖြစ်ပွားဖို့ အလားအလာရှိတယ်။ ဒါကြောင့် ခြင်ရန်ကို ကာကွယ်ဖို့ လူတွေ လည်း ဉာဏ်နီဉာဏ်နက်တွေ ထုတ်ကြရတယ်။ ထွန်းထားရင် ခြင်ပြေးစေတဲ့ မီးလုံး ဆိုတာပေါ်လာတယ်။ တကယ်ပြေးရင်တော့ မဆိုးဘူးပေါ့။ ဘာ Side Effect ရှိသလဲဆိုတော့ ကျွန်တော် လည်း မသိဘူး။ နောက် အသံနဲ့ ခြင်နှင်နိုင်တဲ့ စကားလေးတွေ ပေါ်လာတယ်။ သူက လူ့နားနဲ့မကြားနိုင်တဲ့ ဘားနည်းနည်း နိမ့်တဲ့ ခြင်နှင်တဲ့ အသံလှိုင်း ကတော့တွေ ထုတ်လွှင့်ပေးတယ်လို့ ဆိုတယ်။ ဓါတ်ခဲနဲ့သုံးရတယ်ဆိုတော့ ကုန်ကျစရိတ်တော့ များ တာပဲ။ အခု စက်ဘူကဝင်လာတဲ့ ခြင်မောင်းကိရိယာ ကတော့ စက်ထဲကို ခြင်ဆေးရည်ထည့်ပြီး AC ပလပ်ထိုးလိုက်ရင် ပူပြီး အငွေ့ ထွက်လာကာ ခြင်ပြေးစေတယ်တဲ့။ Mini night light ဆိုတာ ကတော့ မီးလည်းထွန်းလို့ရတယ်။ ခြင်ဆေးပြားထည့်ပြီး Heater ခလုတ် ဖွင့်ထားရင် အငွေ့ထွက်ပြီး ခြင်ပြေးစေတဲ့ ကိရိယာလည်းပါ တယ်။ နောက်တော့ သော့ချိတ်ဆိုတာလည်း ရှိသေးတယ်။ ခလုတ်ဖွင့်ထားရင် ခြင်မောင်းတဲ့ အသံ ထွက်နေတဲ့အတွက် ခြင်တွေ အနားမကပ်တော့ဘူးတဲ့။ သူကလည်း စက်ဘူကသွင်းပြီး ဓါတ်ခဲနဲ့ သုံးတာပဲ။ တရုတ်ကသွင်းတဲ့ ခြင်မကိုက်တဲ့ လက်ပတ်ဆိုတာ ရှိသေးတယ်။ ကလေး လူကြီးမရွေး သုံးနိုင်တယ်။ ဓါတ်ခဲနဲ့ အလုပ်ရှုပ်အောင် သူတို့လည်း လုပ်တတ်တယ် ခင်ဗျ။

...

## ကောင်လေးတွေ က ဒုတိယတဲ့

ကမ္ဘာ့ပေါ်မှာ မယ်ရွေးပွဲ ကတော့ ဆယ့်နှစ် မျိုးဟင်းချိုထက်တောင် စုံသေးတယ်ဆိုရမယ်။ အလှမယ်သာ မဟုတ်ဘူး။ အဝမယ်ပြိုင်ပွဲတဲ့။ အေ့စ် ရောဂါဝေဒနာရှင်တွေ မှသာ ဝင်ပြိုင်ခွင့်ရှိတဲ့ မယ်ပြိုင်ပွဲတောင် လုပ်လိုက်သေးတယ်။ မယ်ဆိုရင် အပျိုသာ ဖြစ်ရမယ်ဆိုတဲ့ သံမဏိစည်းမျဥ်းကို ချိုးဖောက် ချင်တဲ့သူတွေ က အိမ်ထောင်ရှင်မတွေ သာ ဝင်ပြိုင်ရတဲ့ "အိမ်ရှင်မမယ်" ပြိုင်ပွဲဆိုတာ တောင် ကျင်းပလိုက်သေးတယ်။ ဖုန်းကညာတစ်ပါး လုံးရာကပြားတဲ့ သူတွေ ချည်း သတ်သတ်လုပ် တဲ့ မယ်ပစ္စကပြိုင်ပွဲဆိုတာလည်း ရှိသေးတယ်။ တလော ကတော့ တရုတ်နိုင်ငံမှာ မယ်ရွေးပွဲပြိုင်တဲ့ အလှမယ် တစ်ယောက် က ခွဲစိပ်ကုသမှု ခံယူပြီး လိင်ပြောင်းလာတဲ့သူမို့ မွေးကတည်းက မိန်းမဆိုတဲ့ အလှမယ်တွေ က ပိုင်းကန့်ကွက်ကြတာနဲ့ ပြဿ နာ တော် တော် တက်သွားတယ်လို့ ကြားလိုက်ရပါ တယ်။ အခုလည်း ကိုပူတင်တို့ဆီက ထွင်ပြန်ပြီ ခင်ဗျ။ မယ်တပ်မတော် ရွေးပွဲတဲ့။ ဒီပွဲကို စစ်သမီး တွေ သာ ဝင်ပြိုင်ခွင့်ရှိပါတယ်။ အရင်ကဆို ဆိုဗီယက်ပြည်ထောင်စုကြီး ကောင်းစားစဥ်ကာလက တော့ (Miss Red Star) ဆိုပြီး ကျင်းပခဲ့ဖူးပါတယ်။ မယ်ကြယ်နီပေါ့ဗျာ (ကျွန်တော် တို့ဆီက လူရွှင်တော် ဦးကြယ်နီနဲ့ ဘယ်လိုမှ ပတ်သတ်မှု မရှိပါ။) ၂၀၀၅ခုနှစ် မယ်တပ်မတော် ဘွဲ့ကို စစ်သမီး ဗိုလ်စင်ညာအာဂါကိုဗာက ဆွတ်ခူးရရှိသွားတယ်တဲ့။ မယ်ရွေးပွဲမစမီ စစ်သမီးတွေ က သီချင်းဆို ဖျော်ဖြေကြသေးတယ်။ သီချင်းက "သမီးတို့အတွက် စစ်သေနတ်ကပထမ၊ ကောင်လေး တွေ က ဒုတိယ" တဲ့၊ မခံချင်စရာ မကောင်းဘူးလား။

•••

## ပင်လယ်ကမ်းခြေက အိမ်ကလေး

ကမ္ဘာကြီးဟာ တစ်နေ့တခြား ပိုပူနွေးလာတယ်။ ဒါက တစ်ကမ္ဘာလုံး အသိပါပဲ။ ဒီအတွက် နိုင်ငံစုံအစည်းအဝေးတွေ ကျင်းပပြီး ကာကွယ်တားဆီးဖို့ကိစ္စတွေ ဆွေးနွေးကြတယ်။ လူလုပ် ပစ္စည်းတွေ ဒဏ်ကြောင့် ကမ္ဘာကြီး ပိုပူနွေးလာတာကြောင့် အဲဒီကိစ္စတွေ ကို ထိန်းချုပ်တာနဲ့ ပတ်သတ်လို့ လက်မှတ်ရေး ထိုးကြတဲ့ နေရာမှာ အမေရိကန်က လက်ရှောင်နေတယ်။ ဘုရှ်က လူတွေ ကြောင့် ကမ္ဘာကြီး ပိုပူလာတယ်ဆိုတာ မယုံလို့တဲ့။ ကာလီဖိုးနီးယားဘုရင်ခံ (ရုပ်ရှင် မင်းသားတ ဖြစ်လည်း) အာနိုးကြီး ကတော့ ဒီကိစ္စကို ကမ္ဘာ့အစိုးရပေါင်းစုံ ပူးပေါင်းဆောင်ရွက်ဖို့ ဘုရှ်သဘောထားကိုကျော်ပြီး တိုက်တွန်းပြောကြားလိုက်တာ ကြားရပါတယ်။ ဘုရှ် ကတော့ ဖန်လုံ အိမ်အာနိသင်ထက် မီးတောင် ဖြစ်စဉ်နဲ့ နေရောင် ခြည်စွမ်းအင် ဖောက်ပြန်မှု တွေ က ပိုအဓိကကျတယ်လို့ ပြောနေတာပါပဲ။

ဘာပဲပြောပြော သမုဒ္ဒရာရေ မြင့်တက်လာမှု နဲ့ အာတိတ်ရေခဲပြင် အရည်ပျော်လာမှု ကို လေ့လာပြီး ရာသီဥတု ပညာရှင်များ အား လူလုပ်ပစ္စည်းတွေ ကို ထိန်းချုပ်ကာကွယ်လိုက်တဲ့တိုင်အောင် ခရစ်နှစ် ၂၁၀၀ ပြည့်အထိ ပူနွေးမှု ဟာ ဆက်လက်ဖြစ်ထွန်းသွားမယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့ အနှစ် တစ်ရာကထက် ၄ လက်မ မြင့်တက်လာခဲ့တယ်။ ရှေ့မှာ ဆက်ပြီး ၄ လက်မကနေ လက်မ ၄၀ အထိ မြင့်တက်လာစရာ အကြောင်းတွေ ရှိနေပါတယ်။ ဂရင်းလန်ကျွန်း ရေခဲပြင် အရည်ပျော် သွားရင် ပင်လယ်ရေမျက်နှာပြင်ဟာ ၂၃ ပေ မြင့်တက်လာမယ်တဲ့။ တချို့ကလည်း ၂၅ ပေလို့ဆိုတယ်။ အာတိတ်ဒေသက ရေခဲထု အရည်ပျော်ကျလာရင် မြင့်တက်လာမယ့် ၁၆ ပေပါ ထပ်ပေါင်း လိုက်ရင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ပင်လယ်အောက် ရောက်သွားမယ်တဲ့။ အမေရိကန်က ဖလော်ဒီ ယာဒေသနဲ့ နယူးယောက် မန်ဟက်တန်ကျွန်းတွေ လည်း ရေမြုပ်သွားလိမ့်မယ်။ ဒါကြောင့် ကျွန်တော် လည်း မီယာမီကမ်းခြေမှာ အပန်းဖြေအိမ်လေးတစ်လုံး ဝယ်ဖို့စိတ်ကူးထားတာကို စွန့်လွှတ်ရတော့မလို ဖြစ်နေပါတော့တယ် ခင်ဗျား။

•••